# နဂါးဆိုး သောင်းကျန်းခဲ့သည့်

## ၁၉၇၈ အကြမ်းဖက် စစ်ဆင်ရေး

လူထုဝဏ္ဏ



ဤစာတမ်းသည် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာရှင်နေဝင်း မဆလအစိုးရက ရိုဟင်ဂျာလူမျိုးပေါ် ဆင်နွှဲခဲ့သည့် အကြမ်းဖက် နဂါးမင်းစစ်ဆင်ရေးအကြောင်းကို အကိုးအကားနှင့် ဖော်ပြထားခြင်းဖြစ်သည်။

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ)

# နဂါးဆိုး သောင်းကျန်းခဲ့သည့် ၁၉၇၈ အကြမ်းဖက် စစ်ဆင်ရေး

၁၉၇၈ ခုနှစ်တွင် အာဏာရှင်နေဝင်းအစိုးရက အင်မတန် ရက်စက်လှတဲ့ စစ်ဆင်ရေးတစ်ခုကို ဆင်နွှဲခဲ့တယ်။ အဲ့ဒါကို နဂါးမင်းစီမံချက်လို့ အမည်ပေးခဲ့တယ်။ နဂါးနာမည်ကြားရုံနှင့် အဘယ်မျှလောက် ကြမ်းကြုတ်ရက်စက်ခဲ့သည်မှာ စာတမ်း မဖတ်မီကပင် သိသာထင်ရှားစေသည်။ ယနေ့ခေတ်လူငယ်တွေက နဂါးမင်း စစ်ဆင်ရေးကို ကြားဖူးကောင်းကြားဖူးမှာပါ။ ဒါပေမဲ့ ဒီကြောက်မက်ဖွယ်စစ်ဆင်ရေးရဲ့ဒဏ်ကို ပက်ပက်စက်စက် ခံစားခဲ့တဲ့ လူမျိုးစုတွေက ဘယ်လို မေ့လျော့နိုင်မှာလဲ။ သမိုင်းရဲ့ အင်မတန် ကြမ်းကြုတ်ရက်စက်လွန်းတဲ့ အိပ်မက်ဆိုးတစ်ခုအဖြစ် မျိုးဆက်အဆင့်ဆင့် မှတ်သားထားကြလိမ့်မယ်။

ဒီနဂါးမင်းဆိုးရဲ့ သောင်းကျန်းရက်စက်မှုကြောင့် မြန်မာနိုင်ငံရဲ့ လူနည်းစု တိုင်းရင်းသား ရိုဟင်ဂျာ ၂ သိန်းခွဲခန့် ဒုက္ခသည်ဘဝရောက်ခဲ့ရတယ်။ အပြစ်မဲ့ ပြည်သူ ၂ သောင်းကျော် သေကြေပျက်စီးခဲ့ရတယ်။ အမျိုးသမီးတွေ အဓမ္မကျင့်ခံရတယ်။ ရွာပေါင်း ၆၆ ရွာကျော် ဖျက်ဆီးခံခဲ့ရတယ်။ ပြည်သူအများအပြား ထောင်ချနှိပ်စက်ခံခဲ့ရတယ်။ ဒါပေမဲ့ မျိုးချစ်တချို့က အဲ့ဒီ အကြမ်းဖက် စစ်ဆင်ရေးရဲ့နောက်ကွယ်က အမှန်တရားကို ဖုံးကွယ်ပြီးတော့ ပြောင်းပြန်ဖော်ပြလေ့ရှိတယ်။ ‘ဘင်္ဂါလီတွေ အစစ်အဆေး မခံရဲလို့ထွက်ပြေးကြတာ၊ ကိုယ့်အိမ်ကိုယ် မီးရှို့ ထွက်ပြေးတာ၊ စစ်တပ်က ဘာ ရာဇဝတ်မှုမှ ကျူးလွန်တာ မရှိဘူး၊ လူဦးရေစာရင်းကောက်ရုံပဲ၊ ပြန်လက်ခံချိန်မှာ ပိုလက်ခံရသေးတယ်’ စတဲ့ မွတ်စလင်မုန်းတီးစိတ်နဲ့ အဓမ္မဝါဒီဆန်ဆန် ရေးသားကြတယ်။ ဒီစာတမ်းမှာ အဲဒီ အကြမ်းဖက် နဂါးမင်းစစ်ဆင်ရေးအကြောင်းကို လက်လှမ်းမီသမျှ သမိုင်းအကိုးအကားတွေ အမှီအငြမ်းပြုပြီး အဖြစ်အပျက်အမှန် တင်ပြသွားပါမှာဖြစ်တယ်။

## (၁-၁) နဂါးမင်း စစ်ဆင်ရေးဆိုတာ ဘာလဲ။

"နဂါးမင်း" ဆိုတာ ၁၉၇၈ ခု နှစ်ဦးတွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၌ ပြုလုပ်ခဲ့သည့် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော စီမံချက်တစ်ခုဖြစ်သည်။ ကာကွယ်ရေး ဝန်ကြီးဌာန၏ တိုက်ရိုက်ကွပ်ကဲမှုဖြင့် ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အကောင်အထည်ဖော်ခဲ့သည့် စစ်ဆင်ရေး တစ်ခုဖြစ်သည်။ ဤစီမံချက်ကို ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ပေးပြီး ၂ နှစ်အကြာ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၄ ခု ဇန်နဝါရီလ ၃ ရက်နေ့တွင် ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ အဝကျွန်းသား ဒုတိယဗိုလ်မှူး ကျော်မောင် က ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ တာဝန်ယူနေချိန်ဖြစ်သည်။ (ဘင်္လားဒေ့ရှ် အဝကျွန်းကနေ မောင်တောမြို့တွင် လာရောက်ခိုလှုံသူဖြစ်တယ်။) ဗိုလ်ချုပ်ခင်ညွှန့် စစ်တွေ အမှတ် ၂၀ ခြေလျင်

တပ်ရင်းတွင် တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့လာသည့်အချိန်လည်းဖြစ်သည်။ နဂါးမင်းစစ်ဆင်ရေး အတွက် ကျပ်သန်းပေါင်း ၂၄၀ နိုင်ငံတော်ဘဏ္ဍာငွေ သတ်မှတ်ပေးခဲ့သည်။ စစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ လူဦးရေစာရင်းနှင့် အချက်အလက် ကောက်ယူမှတ်ပုံတင်ရန်နှင့် နိုင်ငံခြားသားများ ကို ဖမ်းဆီးနှင်ထုတ်ရန်ဖြစ်သည်။ သို့သော် ဤစစ်ဆင်ရေးသည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးကို သာ အဓိက ပစ်မှတ်ထား သုတ်သင်ခြေမှုန်းရန်၊ ၎င်းတို့၏ နိုင်ငံသားတိုင်းရင်းသား အခွင့်အရေးတို့ကို လုယူပြီး နိုင်ငံမဲ့ဘဝသို့ တွန်းပို့လိုသည့် နိုင်ငံတော်အဆင့် အကြံအစည်တစ်ခုဖြစ်သည်။

နဂါးမင်း စစ်ဆင်ရေးကို ၁၉၇၇ ခု မေလတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြို့နယ်တစ်ခု နှစ်ခု၌ **ဝသန်ဦး** အမည်နှင့် အစမ်းသဘောဖြင့် စတင်ခဲ့သည်။ ရန်ကုန်တိုင်းနှင့် မွန်၊ ကရင်ပြည်နယ် မြို့နယ်အချို့၌ မီးရထားဘူတာရုံ၊ လေဆိပ်၊ ကားဂိတ်၊ သင်္ဘောဆိပ်တွင်လည်း ကြိုတင်မကြေညာဘဲ ရှောင်တခင် စစ်ဆေးစမ်းသပ်ခဲ့သည်။

## (၁-၂) စစ်တွေမြို့သို့ စစ်ဆေးရေး စတင်ခြင်း။

၁၉၇၈ ခု ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဌာန လက်အောက် အထူးသင်တန်းရ ဝန်ထမ်း ၂၀၀ ကျော်ကို ရခိုင်ပြည်နယ်သို့ စေလွှတ်ခဲ့သည်။ ကွပ်ကဲမှုဌာနချုပ်ကို စစ်တွေမြို့ရှိ စိုက်ပျိုးရေးကျောင်းနှင့် ဂျီအီး(GE) ဂိုဒေါင်များ၌ ဖွင့်လှစ်ပြီး စစ်တွေမြို့တွင် ယာယီဖမ်းဆီးထိန်းသိမ်းရေးအဆောင်များ ကြိုတင်ပြင်ဆင်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် စစ်တွေမြို့ သက်ကေပြင်ရွာမှစတင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ စစ်ဆင်ရေး နာမည်နှင့် လိုက်ဖက်အောင် လက်နက် အပြည့်အဝ တပ်ဆင်ထားသော လုံခြုံရေးအရာရှိများသည် နံနက် အရုဏ်တက်ချိန်တွင် ရွာကို ဝန်းရံပိတ်ဆို့လျက် စစ်ဆေးခဲ့သည်။

စစ်ဆေးမှုသည် သာမန်ကာလျှံ အိမ်ထောင်စုလူဦးရေ၊ တရားဝင်အထောက်အထားမျှ စစ်ဆေးခြင်းသာမဟုတ်ဘဲ ကုလားရုပ်မည်းမည်းဆိုလည်းဖမ်း၊ စကားမပီလျှင်လည်းဖမ်း၊ ဗမာစာ မဖတ်တတ်လည်းဖမ်း၊ အိမ်ထောင်စုတွင် လူဦးရေများလျှင်လည်းဖမ်း စသည်ဖြင့် တရားဥပဒေဘောင် နှင့် မညီညွတ်သည့် နည်းစနစ်မျိုးစုံနှင့် လူမျိုးရေးဘာသာရေး အမုန်းအဃာတဖြင့် တမင်တကာ ဖမ်းဆီးခဲ့ရာ တစ်ရက်တည်းနှင့်ပင် ရွာသူရွာသား ပေါင်း ၁၇၀၄ ဦးကို ရမ်းကားဖမ်းဆီးခဲ့သည်။ ထိုသို့ စစ်တွေမြို့ကပင် အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်အပါအဝင် အရပ်သားပေါင်း ၅၀၀၀ ခန့် မဟုတ်မတရား ဖမ်းဆီးခဲ့သည်ဟု ထိုခေတ်က မှတ်တမ်းများ၌ ဖော်ပြထားသည်။

၎င်း ဖမ်းဆီးခံပြည်သူများကို လူဆိုးဓားမြ ရာဇဝတ်သားများကဲ့သို့ ယာယီထိန်းသိမ်းရေး အကျဉ်းစခန်းများ၌ ခေါ်ဆောင်သွားကာ နည်းမျိုးစုံဖြင့် ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။ ထိုစခန်းများ၌ ၎င်းတို့ကို ကျွဲနွားကဲ့သို့ သိုလှောင်ထားကာ အစားရေစာ လုံလုံလောက်လောက် မပေး၊ မိသားစုဝင်များ ထောင်စာတွေ့ခွင့်မရ စသည်ဖြင့် ဥပဒေမဲ့ ရက်ရက်စက်စက် ချုပ်နှောင်ထားခဲ့သည်။ ထိုသို့

အဖမ်းခံရသူများထဲမှ အငတ်ဘေး၊ ဆေးဝါးကုသမှုမရ၊ အဟာရချို့တဲ့မှုကြောင့် အချုပ်ခန်းမှာပင် အသက်ဆုံးရှုံးခဲ့ရသူများမှာ အလုံးအရင်းပင် ရှိခဲ့သည်။

ဖေဖော်ဝါရီလ ၁၇ ရက်တွင် အဖမ်းခံရသူ ကလေးသူငယ်အပါအဝင် အမျိုးသမီး ၄၀၀ ခန့်ကို ကုန်တင်ကားကြီးနှင့် ကျွဲနွားကဲ့သို့ အထပ်ထပ်ထည့်၍ အချုပ်ခန်းမှ စစ်တွေ ဗဟိုအကျဉ်းထောင်သို့ ခေါက်တုံ့ခေါက်ပြန် ခေါ်ဆောင်သွားခဲ့သည်။ လဝကအရာရှိများနှင့် ရဲအရာရှိများ၏ လူမဆန်သော ပြုမူဆက်ဆံမှု၊ မတရားနှိပ်စက်မှုကို မြင်၍ ဒေသခံရိုဟင်ဂျာပြည်သူများ မခံမရပ်နိုင်ကာ ထောင်ပေါင်းများစွာသော ပြည်သူများက ဖမ်းဆီးထားသည့် အပြစ်မဲ့ပြည်သူများကို ချက်ချင်း လွှတ်ပေးရန်နှင့် ဥပဒေမဲ့သော နဂါးမင်းစစ်ဆင်ရေးကို ရပ်ဆိုင်းပေးရန် လမ်းပေါ်ထွက် ဆန္ဒပြ တောင်းဆိုလာခဲ့သည်။ သို့သော် ငြိမ်းချမ်းစွာ ဆန္ဒပြသောပြည်သူများကို အာဏာပိုင်များက အင်အားသုံး အကြမ်းဖက်ဖြိုခွင်းခဲ့သည်။ ဆန္ဒပြသူလူအုပ်ကို စစ်တပ်နှင့် ရဲသားများက သေနတ်ပစ်ခတ်ခဲ့ရာ အနည်းဆုံး ဆန္ဒပြသူ ၄ ဦး ပွဲချင်းပင်သေဆုံးခဲ့သည်။ ဆန္ဒပြသူ အများအပြား ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည်။ အချို့ကို ဖမ်းဆီးထောင်ချခဲ့သည်။ ထို့ပြင် ဆန္ဒပြပွဲကို လှုံ့ဆော်ပေးသည်ဟု စွပ်စွဲကာ ထင်ရှားသော မြို့ခံရိုဟင်ဂျာပုဂ္ဂိုလ်များ၊ ကျောင်းသားလူငယ်များကို ရွေးနုတ်ဖမ်းဆီးခဲ့သည်။ အချို့မှာ အချုပ်ခန်းမှာပင် လူမဆန်စွာ ရိုက်နှက်နှိပ်စက်မှုကြောင့် သေဆုံးခဲ့သည်။ ထိုထဲမှာ စစ်တွေမြို့၏ ထင်ရှားသော သာသနာ့ပညာရှင် အင်ဘာရီကျေးရွာအုပ်စု ကာဝါဒီရွာဇာတိ မော်လနာ အဗ္ဗဒုလ်မူနာဖ် လည်း အသတ်ခံခဲ့ရသည်။ မောင်လနာ အဗ္ဗဒုလ်မူနာဖ်ကို ညသန်းခေါင်ချိန်တွင် စစ်တပ်က ၎င်း၏အိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားကာ လူမဆန်စွာ နှိပ်စက်ပြီး ဖေဖော်ဝါရီလ ၂၇ ရက်နေ့၌ အချုပ်ခန်းတွင် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ဤအကြမ်းဖက်လုပ်ရပ်ကို ဦးဆောင်ခဲ့သူထဲမှာ နောင်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်လာမည့် ဗိုလ်ချုပ်ခင်ညွန့်လည်း ထိပ်ဆုံးက ပါဝင်ခဲ့သည်။ ထိုအချိန်က သူ အမှတ် ၂၀ ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူး တာဝန် ထမ်းဆောင်နေကြောင်း သူ၏ 'ကြုံတွေ့ခဲ့ရ ကျွန်တော့်ဘဝအထွေထွေ' စာအုပ်တွင် သူကိုယ်တိုင် ဝန်ခံထားသည်။

ဖေဖော်ဝါရီလ ၁၈ နေ့မှစ၍ လဝက ပုဒ်မ ၆ (၂)၊ အမျိုးသား မှတ်ပုံတင် ပုဒ်မ ၁၃ (၁)၊ နိုင်ငံခြားသား မှတ်ပုံတင် ပုဒ်မ ၅ (၁) ဖြင့် ပြည်သူ ၂၀၀၀ ကျော်ကို တရားစွဲဆိုကာ ထောင်ချခဲ့သည်။ ထောင်ချခဲ့သော်လည်း အဆိုပါသူတို့ကို ယာယီအချုပ်ခန်း၌သာ သိုလှောင်ထားလေ့ရှိခဲ့သည်။ အများအားဖြင့် ထောင်ချခံရသူများ၏ မိဘနှစ်ပါးမှာ အမျိုးသားမှတ်ပုံတင် ကိုင်ဆောင်ထားသော အရပ်သားများ ဖြစ်ကြသည်။

ဖေဖော်ဝါရီလ ၂၀ ရက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းခေါင်နှင့် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကျော်မောင် (အဝကျွန်းသား) တို့က ရခိုင်ပြည်နယ် ပါတီခန်းမ၌ အစည်းအဝေးကျင်းပကာ နဂါးမင်းစစ်ဆင်ရေးကို ဆန္ဒပြသူများ၊ ဆန့်ကျင်သူများ တွေ့ရှိပါက ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဟု မြို့ခံများကို ခြိမ်းခြောက်ခဲ့သည်။

တစ်ဖက်က ယာယီထိန်းသိမ်းထားသော အချုပ်ခန်းများ အခြေအနေလည်း ဆိုးရွားနေသည်။ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို အခန်းကျယ်တစ်ခုထဲ တပေါင်းတစုတည်းထားကာ စိတ်ကြိုက်နှိပ်စက်သည်။ မိန်းကလေးများကို အရာရှိများက ခေါ်ဆောင်သွားကာ မုဒိမ်းကျင့်သည်။

အမျိုးမျိုး ညှဉ်းပမ်းနှိပ်စက်သည်။ ဖေဖော်ဝါရီလကုန်ခါနီးတွင် ယာယီအချုပ်ခန်း၌ လူပေါင်း ၃၀ ကျော် အသတ်ခံခဲ့ရသည်။ လူသေရုပ်အလောင်းများကိုလည်း မိသားစုဝင်များအား ထုတ်ယူမြှပ်နှံခွင့် မပေးခဲ့ချေ။ အချုပ်ခန်းမှ ခေါ်ဆောင်သွားသည့် မိန်းကလေးအချို့ ပျောက်ဆုံးသွားသည်မှာ နောက်ဘယ်တော့ ပြန်မပေါ်ခဲ့ချေ။

မတ်လ ၁ ရက်နေ့တွင် ကျောက်ဖြူခရိုင် မြေပုံမြို့နယ်မှ ရိုဟင်ဂျာ ၅၀၀ ကျော် ဖမ်းဆီးကာ မည်သည့် တရားရင်ဆိုင်ခွင့်မှ မပေးဘဲ ထောင်သွင်းခဲ့သည်။ ကုလားရုပ် မည်းမည်းနှင့်တွေ့လျှင် ဖမ်းဆီးသည်။ မတ် ၃ ရက်နေ့တွင် ကျောက်တော်မြို့နယ်မှ ရိုဟင်ဂျာ ၂၀၀ ကျော် ဖမ်းဆီးခဲ့သည်။ ဒေသခံရိုဟင်ဂျာများမှာ အာဏာပိုင်များ၏ ရက်စက်မှုကို တိမ်းရှောင်ရန် အခြားရွေးစရာလမ်း မရှိသဖြင့် အိုးအိမ်စွန့်ခွာ၍ ဘေးလွတ်ရာ တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။

## (၁-၃) ဘူးသီးတောင်-မောင်တောသို့ စစ်ဆေးရေး စတင်ခြင်း။

၁၉၇၈ ခု၊ ဧပြီလ ၂၆ ရက်တွင် ပြည်နယ်ပြည်သူ့ကောင်စီမှ ကြေညာချက်အမှတ် (၁/၇၈) ဖြင့်လည်းကောင်း၊ မေလ ၉ ရက်တွင် ကြေညာချက်အမှတ် (၂/၇၈) ဖြင့်လည်းကောင်း နယ်ဝေးနယ်ခြားသို့ ရောက်ရှိနေကြသော ဒေသခံပြည်သူများအား လူဦးရေစာရင်း စစ်ဆေးချိန်တွင် မိမိတို့၏ နေအိမ်သို့ လာရောက်နေထိုင်ကြရန် ထုတ်ပြန်ခဲ့သည်။ ဒေသခံပြည်သူများကို အစစ်ဆေးခံကြရန် မြို့မိမြို့ဖများအား ရခိုင်ပြည်နယ် ပါတီဥက္ကဋ္ဌနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းခေါင်တို့က တိုက်တွန်းပြောကြားခဲ့ကြသည်။



(ပုံ-၂) ပြန်လည်ဝင်ရောက်လာသော မိသားစုတစ်စု တည်းခိုရေးကြားစခန်းသို့ ရောက်လာပုံ။ (၁၉၇၈)

မတ်လ ၅ ရက်နေ့တွင် ဗိုလ်မှူး စိန်မင်း ဦးဆောင်သော စစ်ကြောင်းတစ်ခုကို ဘူးသီးတောင်-မောင်တောဘက်သို့ စစ်ဆေးရေးအဖွဲ့ကို လုံခြုံရေးပေးရန်ဟု ခေါင်းစဉ်ဖြင့် ရွှေ့ပြောင်းစေလွှတ်ခဲ့သည်။ ၎င်း စစ်ကြောင်းသည် ဘူသီးတောင်-မောင်တော၌ ရောက်ရောက်ချင်း နဂါးရူး သောင်းကျန်းသကဲ့သို့ ရာဇဝတ်မှုများကို ကြီးကြီးကျယ်ကျယ် ကျူးလွန်ခဲ့သည်။ ပြည်သူတို့၏ ရင်ထဲတွင်အကြောက်တရား ထည့်သွင်းကာ နေရပ်စွန့်ခွာပေးရန် ရွှေ့ပြောင်းစိတ်ဓာတ်စစ်ဆင်ရေးဟု ယူဆရသည်။ အမျိုးသမီးများကို

အဓမ္မပြုကျင့်ခြင်း၊ လုယက်ခြင်း၊ ရွာမီးရှို့ခြင်းများကို ရက်ဆက်ကျူးလွန်ခဲ့သည်။ မတ်လ ၁၀ ရက်နေ့တွင် သရက်ကင်းမနုရွာ (သရက်ကူနီ)နှင့် ဒပြုချောင်းရွာသို့ စစ်ကြောင်းဝင်၍ အမျိုးသမီးများကို မုဒိမ်းကျင့်သတ်ဖြတ်ခြင်း၊ ရွာသားများကို လုယက်ခြင်းများ ကျူးလွန်ခဲ့သည်။

မတ်လ ၁၅ ရက်တွင် စစ်တွေမြို့မှ လူအယောက် ၂၀၀ ပါဝင်သော လဝကနှင့် လုံခြုံရေးအဖွဲ့ ဗမာနေဗီ စစ်ရေယာဉ်ဖြင့် ဘူးသီးတောင်သို့ ရောက်ရှိလာသည်။ ၎င်းတို့နှင့်အတူ ဗိုလ်မှူး စိန်မင်း၊ ဗိုလ်စန်းစိန်၊ လဝကအရာရှိ ပေါ်ဇံ၊ တရားသူကြီး အောင်စိန်ထွန်း၊ ကြီးကြပ်ရေးအရာရှိ ကျော်သာနုတို့ပါဝင်ခဲ့သည်။

မတ်လ ၁၆ ရက်နေ့တွင် ဘူးသီးတောင်မြို့၌ နံနက်စောစော တစ်အိမ်ဝင်တစ်အိမ်ထွက် စတင်စစ်ဆေးကာ အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်အပါအဝင် လူပေါင်း ၃၀၀ ကျော် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ထဲတွင် ကျောင်းနေမိန်းကလေးငယ် အပါအဝင် မိန်းကလေး ၆၀ ခန့် ပါဝင်သည်။ ဒုရဲအုပ် အဗ္ဗဒူရဟိမ်း၏သမီး၊ အဗ္ဗဒူစမောတ်၏ ညီမနှင့် သမီး၊ ကျောင်းဆရာ အေ၊ ဘော်ရှော်ရ် ၏ သမီး စသည့် ထင်ရှားသောပုဂ္ဂိုလ်များ၏ သမီးအစ်မများပင် စစ်တပ်နှင့် လဝကအရာရှိတို့၏ မဖွယ်မရာပြုမှုကို ခံခဲ့ရရှာသည်။ မိန်းကလေး ၃၀ ဦးထက် မနည်းကိုလည်း လဝကအမှုဖြင့် မဟုတ်မမှန် ထောင်ချခဲ့သည်။ အများစုမှာ အာဏာပိုင်များ၏ လိင်ကျွန်ဖြစ်ခဲ့ရသည်။

ဤမြို့နယ်များတွင် စစ်ဆေးရေးပုံစံက ပိုမိုကြမ်းတမ်းလာခဲ့သည်။ လူ့အခွင့်အရေးကို ပက်ပက် စက်စက် ချိုးဖောက်လာသည်။ ဤဘက်တွင် ရိုဟင်ဂျာ လူဦးရေများသဖြင့် မြင်သမျှလူကို ခေါတောကုလား (ဘင်္ဂါလားပြည်သား)လို့သာ စွပ်စွဲခဲ့ကြသည်။ နိုင်ငံတော်က တရားဝင်ထုတ်ပေးခဲ့သည့် မှတ်ပုံတင်ကတ်ပြား၊ လက်မှတ်၊ မြေစာရင်းစသည့် အထောက်အထားများကို ထုတ်ပြသော်ငြားလည်း စုတ်ပြဲခြင်း၊ သိမ်းဆည်းခြင်းများ ပြုလုပ်လာသည်။ အရပ်သားများကို အိမ်ထောင်စုအလိုက်၊ အုပ်စုလိုက် ဖမ်းဆီးလာသည်။ လုံခြုံရေးသမားများက အိမ်ထဲအထိ ဝင်ရောက်၍ လုယက်ခြင်း၊ အဖိုးတန်ပစ္စည်းများကို သိမ်းယူခြင်း၊ တစ်အိမ်သားလုံးကို ဖမ်းဆီးကာ အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်းစသည်တို့ ပြုလုပ်လာကြသည်။ ရွာများကိုလည်း မီးရှို့ပျက်စီးလာသည်။ ဘာသာရေး အဆောက်အဦးများကို မဖွယ်မရာလုပ်ခြင်း၊ ဘာသာရေးကျမ်းများကို မီးရှို့ဖျက်ဆီးခြင်း စသည်တို့ ကျူးလွန်လာသည်။

အချို့ကျေးရွာများတွင် လက်မောင်းပေါ်ရှိ ကျောက်ဆေး အပ်ခြစ်ရာ အမာရွတ်ကိုတောင် စစ်ဆေး သည်။ ထူးထူးဆန်းဆန်း ညာဖက်လက်မောင်း အမာရွတ်ပါလျှင် ဖမ်းဆီးသည်။ တချို့ဆိုလျှင် နှုတ်ခမ်းမွေးပါ၍ အဖမ်းခံရသည်။ မြန်မာစာ မဖတ်တတ်၍ ဖမ်းဆီးခံရသည်။ မိဘမှာ မှတ်ပုံတင်ရှိသော်လည်း သားသမီး မှတ်ပုံတင် မပြနိုင်၍ သားသမီးကို ဖမ်းဆီးသွားသည်။ အသက် ၄၅ နှစ်အရွယ် အူလာမျာက သူ့ သားတစ်ယောက်နှင့် သမီးတစ်ယောက်၏ မှတ်ပုံတင်မပြနိုင်၍ သားနှင့်သမီးကို အဓမ္မဖမ်းဆီးသွားကြောင်း ထွက်ဆိုသည်။

မတ်လ ၁၇ ရက်တွင် အဖမ်းခံရ အမျိုးသမီး ၁၀၀ ခန့်ကို ဘူးသီးတောင်မှ မောင်တောသို့ ရွှေ့ပြောင်းခဲ့သည်။ ထို့နေ့မှာပင် စစ်တွေထောင်တွင် အသက် ၁၈ နှစ်အရွယ် ရာဘီယာဆိုသူ မိန်းကလေးကို ထောင်အာဏာပိုင်များက အုပ်စုလိုက်မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သည်။



(ပုံ-၃) ဘူးသီးတောင်မြို့နယ် ကျေးရွာတစ်ခုတွင် ရွာသားများကို ကွင်းပြင်ထုတ်၍ စစ်ဆေးနေသည့် မြင်ကွင်း။ (၁၉၇၈၊ Asia Weekly)

မတ်လ ၂၀ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ် တောင်ဘက် ညောင်ချောင်းကျေးရွာသို့ စစ်ဆေးစဉ် လုံခြုံရေးအရာရှိများက အထက်ကဲ့သို့ ရာဇဝတ်မှုများ ကျူးလွန်ရာတွင် ရွာသားများနှင့် အခင်းဖြစ်ခဲ့ရာ လုံခြုံရေးသမားများက ရွာသားများကို ပစ်မှတ်ထားကာ ရမ်းကား သေနတ်ပစ်ခတ်သဖြင့် ရွာသား ၅ ဦး ပွဲချင်း သေဆုံးခဲ့သည်။ အများအပြား ဒဏ်ရာရရှိခဲ့သည်။

မတ်လ ၂၁ တွင် စစ်ဆေးရေးအဖွဲ့ ငွေတောင်ကျေးရွာသို့ သွားရောက်၍ ရွာကို မွှေနှောက်လုယက်ကာ မိသမျှ ရွာသားများကို နေချိုက်ချိုက်ပူနေသော နေပူအောက်လမ်းဘေးတွင် ချုပ်နှောင်ထားခဲ့သည်။ ရွာသားအများစုမှာ ထွက်ပြေးသွားသဖြင့် စစ်တပ်က လိုက်လံ၍ ရွာသား ၅၀ ဦးကို ဖမ်းဆီးကာ တန်းစီးကြိုးတုပ်ကာ ခေါ်ဆောင်သွားခဲ့သည်။

အသက်ကယ်ထွက်ပြေးနိုင်ခဲ့သူ ဆော်ယောဒူရ်ရာဟမာန်က ‘၎င်း၏ ညီမနှင့် ကိုယ်ဝန်ဆောင်မိန်းမကို စစ်တပ်က အဓမ္မပြုကျင့်ခဲ့ကြောင်း’ ထွက်ဆိုသည်။ မျက်မြင်သက်သေ ဟာမိတ်ဟူစိန်းဆိုသူက "သူတို့ရွာတွင် စစ်တပ်နှင့် လုံခြုံရေးအဖွဲ့က မိန်းကလေးတစ်စုကို အဓမ္မပြုကျင့်ခဲ့ကြောင်း၊ လူ ၁၅-၁၆ ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း" သက်သေခံထွက်ဆိုခဲ့သည်။

## (၁-၄) အပြစ်မဲ့ပြည်သူများ နေရပ်စွန့်ခွာ တိမ်းရှောင်သွားခြင်း။

စစ်ဆေးရေးအဖွဲ့နှင့် စစ်တပ်၊ ရဲ ပူးပေါင်းလုံခြုံရေးအဖွဲ့တို့၏ ဖိနှိပ်ညှဉ်းပမ်းမှုများကြောင့် မြို့နယ်အသီးသီးမှ ရိုဟင်ဂျာများ မိမိတို့နေအိမ်များကို တဖြည်းဖြည်း စွန့်ခွာ၍ ရခိုင်ပြည်နယ်အနောက်ဘက်မြို့နယ် ဘူးသီးတောင်၊ မောင်တောဘက်သို့ ရောက်ရှိလာကြသည်။ မတ်လ ၁၈ ရက်နေ့အထိဆိုလျှင် စစ်တွေ၊ ကျောက်တော၊ မြေပုံ၊ ရသေ့တောင်စသော မြို့နယ်များမှ ထောင်ပေါင်း

များစွာသော ရိုဟင်ဂျာများသည် အိုးအိမ်စွန့်ကာ ဘေးလွတ်ရာသို့ အသက်ကယ် ထွက်ပြေးလာသည်။ အများစုမှာ မောင်တောမြို့နယ်ရှိ သဲချောင်း၊ ကျောက်လှေကား၊ ရွာသစ်၊ မောင်နှမ၊ ဝက်ပိတ်၊ ဇင်ပိုင်ညာ၊ ဒိုးရာဘီလ်(ကျွဲတာပြင်)၊ ကျီးကန်းပြင်၊ မင်္ဂလာကြီး၊ ဆင်သေပြင် စသော ကျေးရွာများသို့ ခိုလှုံလာကြသည်။ ခိုရာမဲ့နေရပ်စွန့်ခွာသူများသည် ရောက်လာရာအရပ် ရွာနံဘေးလယ်ကွင်းပြင်၌ စုအုပ်၍ ကောင်းကင်ကို အမိုးပြုလျက်နေခဲ့ရသည်။ ဒေသခံများကလည်း ခိုရာမဲ့ဒုက္ခသည်များကို တတ်နိုင်သလောက် အစားအသောက်ဖြင့် ထောက်ပံ့ကူညီပေးကြသည်။

မတ်လ ၂၄ ရက်တွင် မောင်တောမြို့ရုပ်ရှင်ရုံတွင် မောင်တောမြို့ပြည်သူ့ကောင်စီ အတွင်းရေးမှူး ကျော်အေးက မြို့ခံများနှင့် အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး အခြားကျေးရွာများမှ ခိုလှုံလာသူများကို နေရာ ထိုင်ခင်း၊ ကူညီဖေးမခြင်း မပြုကြရန် ကြပ်ကြပ်မတ်မတ် သတိပေးခဲ့သည်။

မတ်လ ၂၅ ရက်နေ့တွင် တမန်းသားတပ်ရင်းမှူး ဇော်ဝင်းက ဆင်သေပြင်မှ မော်လနာ နော်မာန် (ဘ) မော်လနာ မောတီအုရ်ရာဟာမာန် (၃၅ နှစ်)၊ မလဝီ မူဘာရဲခ် (ဘ) ဒါဘချ်အာလီ (၃၅ နှစ်)၊ မလဝီ ဇာဖော့ (ဘ) ဒါဘချ်အာလီ (၃ဂ နှစ်)၊ အာမီရ် ဒိလ်မိုဟာမတ် (ဘ) ဆော်ကတ် (၃၄ နှစ်) တို့ကို တခြားရွာမှ နေရပ်စွန့်ခွာလာသူများအား အစားအသောက်၊ နေရာပေး၍ကူညီခဲ့သည်ဟု စွပ်စွဲကာ ဖမ်းဆီးနှိပ်စက်ခဲ့သည်။ ကျီးကန်းပြင်မှ အဗ္ဗဒူလောတိပ်၊ ဒိုးတန်းကျေးရွာမှ ရွာသူကြီး ဆုလ်တာန်အဟ်မတ်၊ ကြက်ရိုးပြင်ကျေးရွာမှ ဟာဂျီ ဆုလ်တာန် စသည်တို့ကို ဖမ်းဆီးကာ မောင်တောမြို့သို့ ခေါ်ဆောင်သွားခဲ့သည်။ အလားတူ အခြားကျေးရွာများမှလည်း ရွာမျက်နှာဖုံး လူကြီးပိုင်းများကို ထွက်ပြေးလာသူများအား နေရာထိုင်ခင်းပေးမှုနှင့် စွပ်စွဲ၍ ဖမ်းဆီးနှိပ်စက်ခဲ့သည်။

ထိုသို့ တောတောင်များကို ရက်ပေါင်းများစွာ လမ်းလျှောက်၍ အသက်ကယ်ထွက်ပြေးလာစဉ် ခရီး တလျှောက်မှာ အသက်ဘေးအန္တရာယ်နှင့် မကင်းခဲ့ပေ။ အသတ်ခံရခြင်း၊ မုဒိမ်းကျင့်ခံရခြင်း၊ လုယက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်းစသည့် ဘေးဒုက္ခများအပြင် တောရိုင်းတိရိစ္ဆာန်များ၏ အန္တရာယ်ကို လည်း ခါးခါးသီးသီး ခံခဲ့ရသည်။

မတ် ၁၉ ရက်နေ့တွင် မယုတောင်ကိုကျော်ဖြတ်၍ ဘေးကင်းရာသို့ ထွက်ပြေးနေစဉ် ဆောမီအုဒ္ဒိန်း၏ မိန်းမ၊ အဗ္ဗဒူလ်အာဇီဇ်၏သမီးတို့ကို ငကျဉ်းတောက်တောင်ကျော်လမ်းတွင် ဖမ်းဆီးကာ မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သည်။ အခြား မိသားစု ၁၇ စုကိုလည်း ရှိသမျှ အဖိုးတန်ပစ္စည်းများ လုယက်ခဲ့သည်။ ထိုတောင်ကျော်လမ်း၌ပင် နေရပ်စွန့်ခွာလာနေသူများကို တောဆင်ရိုင်းက တိုက်ခိုက် သဖြင့် လူ ၈ ဦးထက်မနည်း သေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့သည်။ ထို့နေ့တွင်ပင် ဘူးသီးတောင်မြို့ အနောက်ရပ်ကွက်မှ မိန်းကလေး ၅ ဦး ဖုံးဂုက်နေရာမှ စစ်တပ်က ဖမ်းဆီးသွားပြီး မုဒိမ်းကျင့်ခဲ့သည်။

မတ် ၂ဂ ရက်နေ့တွင် မောင်တော-ဘူးသီးတောင် ကားလမ်းတလျှောက် ထွက်ပြေးလာနေ သည့် သမီးအဖ နှစ်ဦးကို ရခိုင်သား ၇ ယောက်က ဖမ်းဆီးပြီး အဖကို ရိုက်နှက်ချည်နှောင်ထားကာ သမီးကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သည်။ ဂုတ်ပီတောင်ကျော်လမ်းတွင် ထွက်ပြေးလာနေသည့် အမျိုးသမီး၊ ကလေးသူငယ်အပါအဝင် လူ ၂ဂ ယောက်ပါ အုပ်စုတစ်စုမှ အတူပါလာသော ပစ္စည်းများ ကို လူဆိုးတစ်စုက ဓါးတုတ်ပြ လုယူခဲ့သည်။

မတ်လ ၂၇ ရက်တွင် တိမ်းရှောင်ထွက်ပြေးလာကြသော အခြားမြို့နယ်ခံ လူ ၁၀၀ ကျော်ကို စစ်တပ်က လိုက်လံဖမ်းဆီးကာ မောင်တော ၄ မိုင် ယာယီအချုပ်ခန်း၌ ချုပ်နှောင်ထားခဲ့သည်။ ထိုစခန်းမှ မိန်းကလေး ၁၅ ဦးကို တပ်စခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကာ မိန်းကလေး ၃ ဦးကို အစအနမရှိအောင် ဖျောက်ပစ်ခဲ့သည်။

## (၁-၅) ရွာများကို တန်းလိုက် မီးရှို့ဖျက်ဆီးပစ်ခြင်း။

စစ်ဆေးရေးအဖွဲ့များ၏ သောင်းကျန်းမှုကို ကြောက်ရွံ့လွန်း၍ အရပ်သားများ အိုးအိမ်စွန့်ကာ အသက်ကယ်ထွက်ပြေးသွားသည့်အခါ လူသူမရှိ တိတ်ဆိတ်နေသော ကျေးရွာများကို ရခိုင်သားများက မွေနှောက်ကာ အိမ်သုံးပစ္စည်းများ၊ အိမ်မွေး ကျွဲနွားတိရိစ္ဆာန်များကို အလစ်သုတ် ယူဆောင်၍ ရွာကို မီးရှို့လေ့ရှိသည်။ သူတို့၏ စိုက်ပျိုးထားသော စပါးခင်း၊ ယာခင်းများကို ရိတ်သိမ်းယူဆောင်သွားလေ့ရှိသည်။ အချို့ နေရာများတွင် လုံခြုံရေးအဖွဲ့နှင့်အတူ ရခိုင်သားများကိုပါ ခေါ်ဆောင်သွားကာ အတူတူ သောင်းကျန်းခဲ့သည့် အမှုလည်း အများအပြားပေါ်ခဲ့သည်။

မတ်လ ၂၆ ရက်အထိ ဘူးသီးတောင်မြို့နယ်မှ ဒုံးဝိန်သာရ၊ စေတီပြင်၊ ကာဒီရွာ၊ ဂေါနီဘာရွာ၊ ငကျဉ်းတောက်၊ အောင်လှပြင်၊ ငရန့်ချောင်း၊ ကျီးနှုတ်သီး၊ ဟိုက္ကာရွာ၊ ကကျက်ဘက်၊ ကံပြင်၊ မော်နီဘီလ် စသော ကျေးရွာများကို အကြမ်းဖက်လုံခြုံရေးတပ်နှင့် ရခိုင်အစွန်းရောက်ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည်။ မောင်တောမြို့နယ်တွင် ကျောက်ချောင်း၊ သဲချောင်း၊ လိပ်ရဲ၊ လှိုင်သီ၊ ငါးရန့်ချောင်း၊ တပ်ချောင်း၊ အင်တူလာ၊ ဇီးပင်ချောင်း၊ တောင်ပြို၊ မီးတိုက်၊ ဘောက်ရှူးဖွေးရာ၊ ခမောင်းဆိပ်၊ ကာလာဒေးဖား၊ နန်းရာကိုင်း၊ ကွမ်းသီးပင်၊ ကြောင်နဖေ၊ ကျွန်းပေါက်ပြုစု၊ သစ်တုံးနားခွဆုံ စသော ကျေးရွာပေါင်း ၂၀ ကျော်မှ ရွာသားများ တိမ်းရှောင်သွားသဖြင့် ရွာတစ်ခုလုံး သော်လည်းကောင်း၊ တစ်ပိုင်းတဝက်သော်လည်းကောင်း အကြမ်းဖက် လုံခြုံရေးတပ်နှင့် ရခိုင် အစွန်းရောက်ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့သည်။

မတ်လ ၂၉ ရက်နေ့တွင် အနောက်ဘက်တိုင်း စစ်ဌာနချုပ် ဗိုလ်ချုပ် မင်းခေါင်နှင့်အတူ အခြား အထက်တန်းအရာရှိ ၁၅ ဦး ဘူးသီးတောင်သို့ ရောက်ရှိလာကာ ပါတီကောင်စီရုံး၌ တံခါးပိတ် အစည်းအဝေး ပြုလုပ်ခဲ့သည်။ ထို့နောက် ညနေပိုင်းတွင် မောင်တောသို့ ရောက်လာခဲ့သည်။ မတ်လ ၃၀ ရက်နေ့တွင် သူတို့အဖွဲ့ အလယ်သံကျော်သို့ သွားရောက်ကာ စစ်ဆေးရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး ခဲ့သည်။

## (၁-၆) ဗမာစစ်တပ်၏ နယ်စပ်အကြမ်းဖက်မှုနှင့် နှစ်နိုင်ငံ နယ်စပ်တင်းမာမှု။

ဖမ်းဆီးခံရသည့်ပြည်သူတွေက ဖမ်းဆီးခံရ၊ ထွက်ပြေးနိုင်သူက ထွက်ပြေးခဲ့ကြသည်။ ဤသို့ နှိပ်စက်ညှဉ်းပမ်းမှုဒဏ်ကို မခံမရပ်နိုင်ဘဲ အပြစ်မဲ့ ပြည်သူများ အိမ်နီးနားချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံရန် ကြိုးစားလာကြသည်။ စစ်တပ်က ရေကြောင်းကုန်းကြောင်း ပိတ်ဆို့ထားသဖြင့် နေရပ်စွန့်ခွာသူတို့က လွယ်လွယ်ကူကူနှင့် ထွက်ပြေးနိုင်ခြင်းမရှိချေ။ တောတောင်များဖြတ်ကျော်၍ လမ်းမဟုတ်သော လယ်ကွင်းများမှ ခိုးရှောင်ခိုးဝှက် အသက်ကယ်ထွက်ပြေးခဲ့ရသည်။ အထက်ဖော်ပြသကဲ့သို့ ထွက်ပြေးချိန်တွင် စစ်တပ်လုံခြုံရေး၊ ဒေသခံရခိုင်လူဆိုးလူမိုက်များနှင့် ကံဆိုးမိုက်ကျတွေ့မိသော် အသတ်ခံရခြင်း၊ အမျိုးသမီးများ မုဒိမ်းကျင့်ခံရခြင်း၊ လုယက်ခံရခြင်းများ ရက်ရက်စက်စက် ကြုံခဲ့ရသည်။ လူပေါင်း ၄၃၀၀ ကျော် ထွက်ပြေးလာချိန် လမ်းတစ်ဝက်တွင် အသတ်ခံရ၊ ထိခိုက်ဒဏ်ရာရရှိ၊ မုဒိမ်းကျင့်ခံရ၊ လုယက်ခံခဲ့ရသည်ဟု ထိုခေတ် ပြည်ပသတင်းစာများက ဖော်ပြထားသည်။



(ပုံ-၄) နတ်မြစ်ကမ်းတွင် သောင်တင်နေသည့် နေရပ်စွန့်ခွာသူများ။ (၁၉၇၈၊ RPF)

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရကလည်း တဖက်နိုင်ငံမှလူများ ဝင်ရောက်မလာနိုင်အောင် နယ်စပ်ကို ကျပ်ကျပ်တည်းတည်း ပိတ်ဆို့ထားခဲ့သည်။ နေရပ်စွန့်ခွာ ထွက်ပြေးလာသူများသည် နတ်မြစ်ကို ကျော်ရန် ကြိုးပမ်းသော်လည်း ဗမာဘက်သို့ ပြန်ပို့ခံရသည်။ ဤသို့ ဒုက္ခသည်များ နယ်စပ်မျဉ်းတလျှောက် တဖြည်းဖြည်း သောင်တင်လာလေသည်။

ဧပြီလဆန်းပိုင်းတွင် ဒုက္ခသည်ပေါင်း တစ်သောင်းငါးထောင်ခန့် နတ်မြစ်ကမ်းတွင် သောင်တင်လျက် တစ်ဖက်နိုင်ငံကို ထိုးဝင်ရန် ကြိုးစားလိုက်၊ ပြန်ပို့ခံလိုက် ခေါက်တုံ့ခေါက်ပြန် ဖြစ်နေသည်။ ဧပြီလ ၁၄ ရက် ညအချိန်တွင် နတ်မြစ်ကို ကူးဖြတ်စဉ် အမျိုးသမီးနှင့် ကလေးသူငယ် အပါအဝင် လူပေါင်း ၁၈ ဦး လှေမြှုပ်ပြီး သေဆုံးခဲ့သည်။ ဒုက္ခသည်များမှာ နယ်စပ်မျဉ်း၌ လုံလုံခြုံခြုံ နေနိုင်ခြင်းမရှိချေ။ ရေကြောင်း ကုန်းကြောင်းမှ ဗမာ အကြမ်းဖက်လုံခြုံရေးစစ်တပ်က လိုက်လံရှာဖွေ ဖမ်းဆီးနေသဖြင့် တောတောင်၊ ချုံပုတ်၊ ဒီရေတော စသည်တို့တွင် ပုန်းအောင်းကာ နေခဲ့ရသည်။

ဧပြီလ ၂၃ ရက်တွင် နတ်မြစ်ကမ်း၌ သောင်တင်နေသော နေရပ်စွန့်ခွာလာသည့် ပြည်သူများ ညကို ဗမာစစ်သား အယောက် ၃၀ ခန့်က စက်သေနတ်နှင့် ပစ်ခတ်ဖြိုခွင်းခဲ့ရာ လူပေါင်း ၁၃ ဦးထက်

မနည်း သေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့သည်။ ဤသို့ နယ်စပ်တွင်ပစ်ခတ်သည့် သွေးစွန်း အကြမ်းဖက်ဖြစ်ရပ်များ မကြာခဏဖြစ်ခဲ့သည်။

ထို့ကြောင့် နယ်စပ်တင်းမာမှု ဖြစ်လာခဲ့သည်။ မြန်မာဘက်က နယ်စပ်တွင် စစ်အင်အား ထပ်မံဖြည့်၍ ကုန်းကြောင်း၊ ရေကြောင်း ပိတ်ဆို့ကာ စစ်ရေးလှုပ်ရှားလာသည်။ ရှေ့တန်း၌ တပ်ရင်း အမှတ် (၂၀) တပ်ရင်းမှူး ခင်ညွန့်က တောင်ပြိုလက်ဝဲတွင် တပ်ရင်းဌာနချုပ်ဖွင့်၍ နယ်စပ်လုံခြုံရေး တာဝန်ယူသည်။ နှစ်နိုင်ငံစစ်ရေးပြင်ဆင်မှုတွေ လုပ်ရမှာဖြစ်တာကြောင့် ကျွန်တော့်တပ်ရင်းကလည်း ဘန်ကာ ကတုတ်ကျင်းများ နေ့ချင်းညချင်း တူးဖော်ပြင်ဆင်ခဲ့ကြောင်း၊ ရှေ့ခံစစ်စည်းကို အခိုင်အမာ တည်ဆောက်ရန်၊ နောက်က ဘူးသီးတောင်တွင် ခလရ ၃၄ နှင့် ခလရ ၅၅ တို့ အသင့်ရှိကြောင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ညွှန်ကြားခဲ့ကြောင်း ခင်ညွန့်၏ 'ကြုံတွေ့ခဲ့ရ ကျွန်တော့်ဘဝ အထွေထွေ' စာအုပ်တွင်ဖော်ပြထားသည်။ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း နယ်စပ်တလျှောက် စစ်အင်အားတိုးချဲ့ကာ စစ်ရေးပြင်ဆင်လာခဲ့သည်။ ဧပြီလ နောက်ဆုံးပိုင်းတွင် အနည်းဆုံး ၃ ကြိမ်မက ဗမာစစ်တပ်နှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်လုံခြုံရေးတပ် ဘီဒီအာရ် (BDR) တို့ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ မြန်မာဘက်က ဘင်္ဂလားဒေ့်နိုင်ငံ နယ်နိမိတ်အတွင်း ပစ်ခတ်မှုများပြုလုပ်သဖြင့် ဘင်္ဂလားဒေ့်နိုင်ငံရှိ မြန်မာသံရုံးရှေ့၌ ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။

(ပုံ-၅)
ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံသည့် သေနတ်ဒဏ်ရာရ ရှိဟင်ဂျာများ၏ ဓာတ်ပုံ။
(၁၉၇၈၊ RPF)



မေလနောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ထွက်ပြေးသွားသည့် အသက် ၂၅ နှစ်အရွယ် အဘူတာဟဲရ်က 'နယ်စပ်တွင် အခြားဒေသခံ မွတ်စလင်များနှင့်အတူ ရက်သတ္တပတ်များစွာ ကူလီ ပေါ်တာဆွဲခံခဲ့ရကြောင်း၊ နယ်စပ်တွင် တပ်ရင်းအသစ်ရောက်ရှိလာသည်ကို တွေ့ရှိခဲ့ကြောင်း' Nashua Telegraph သတင်းထောက်ကို ထွက်ဆိုသည်။ အဆိုပါ သတင်းထောက်က ရန်ကုန်သတင်း အရင်းအမြစ်မှ စုံစမ်းခဲ့ရာ တပ်ရင်းနှစ်ခုကို ရခိုင်ပြည်နယ်သို့ စေလွှတ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ ဤကာလတွင် ရခိုင်ပြည်နယ်၌ အတင်းအဓမ္မ ပေါ်တာဆွဲခံရသည့်အရေးလည်း ဖြစ်ပေါ်လာသည်။

လမ်း၊ ရွာများမှ အရပ်သားများကို ကျဘမ်းဖမ်းဆီးခေါ်ဆောင်သွားကာ မည်သည့် အဖိုးအခ မပေးဘဲ၊ အစားအသောက် မပေးဘဲ လနှင့်ချီ အလုပ်ကြမ်း လုပ်ခိုင်းသည်။ အချို့ ကျေးရွာများတွင် ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ထံမှ လူ ၃၀၊ လူ ၅၀ စီစဉ်ပေးခိုင်းသည်။

နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် နယ်စပ်ကို ဖွင့်ပေးခဲ့သည်။ ထိုအခါ သတင်းထောက်များက သူတို့ ကိုယ်တွေ့မြင်ခဲ့သည့် မြန်မာဘက်က နေရပ်စွန့်ခွာလာသူများ၏ အခြေအနေများကို နိုင်ငံတကာသတင်းစာများတွင် ဖော်ပြလာသည်။ ‘အသက်ကယ်ထွက်ပြေးလာသော လူများသည် ဒဏ်ရာရရှိထားသည့်သူများကို ပုခုံးနှင့်ထမ်း၍ နတ်မြစ်ကို ကျော်ဖြတ်ရာ ရွှံ့ထဲနစ်နေကြောင်း၊ အမျိုးသမီးတစ်ဦးက သူ၏ ဝဲဘက်ရင်အုံတွင် ပြင်းထန်သော ဓားခုတ်ဒဏ်ရာရရှိထားကြောင်း၊ ၎င်းသူသည် အမျိုးသမီး ၁၇ ဦးထဲမှ တစ်ဦးတည်း သော အသက်ကယ်ထွက်ပြေးနိုင်သူဖြစ်ပြီး ကျန်အမျိုးသမီးများကို ရင်အုံဖြတ် သတ်ဖြတ်ခဲ့ကြောင်း’ ၁၉၇၈ မေလ ၁၄ ရက်ထုတ် ပြင်သစ်မဂ္ဂဇင်းတစ်စောင်ဖြစ်သော La Nouvel Observateur တွင် ဖော်ပြခဲ့သည်။

ဤနေရာတွင် တစ်ခုသိထားရမည်မှာ မောင်တောမြို့နယ်၌ စစ်ဆင်ရေးကို မေလ ၄ ရက်မှ ဇွန်လ ၅ ရက်အထိ ပြုလုပ်ခဲ့သည်ဟု မှတ်တမ်းများတွင် တွေ့ရှိရသော်လည်း အမှန်မှာ ဘူးသီးတောင် မြို့နယ်နှင့်အတူ မောင်တောမြို့နယ်တွင်လည်း ဖော်ပြပါအတိုင်း အမျိုးမျိုး ဖိနှိပ်ညှဉ်းပမ်းမှုများ စတင်ခဲ့သည်။ အာဏာရှင်နေဝင်းက သူ၏ရည်ရွယ်ချက် အောင်မြင်သည်အထိ အကြမ်းဖက် စစ်ဆင်ရေးကို ဆက်လက် အကောင်အထည်ဖော်သွားခဲ့သည်။

## (၁-၇) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံခြင်းနှင့် ဒုက္ခသည်အကျပ်အတည်း ပြဿနာ။



ဇွန်လ ၅ ရက်နေ့အထိ စစ်ဆေးရေးအဖွဲ့နှင့် အကြမ်းဖက် လုံခြုံရေးစစ်တပ်က ရာဇဝတ်မှုများ ရက်ရက်စက်စက် ကျူးလွန်ခဲ့သည်။ ဤ ၅ လနီးပါး ကြမ်းကြမ်းကြုတ်ကြုတ် ဖိနှိပ်ခံရပြီးနောက် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လူပေါင်း ၂ သိန်းခွဲအထိ အသက်ကယ် ထွက်ပြေးခိုလှုံခဲ့သည်။ ဤသို့ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်အရေး ပေါ်ပေါက်လာခဲ့သည်။ အသစ်စက်စက်

ဖြစ်လာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အုပ်လိုက်စုလိုက် ဝင်ရောက်လာသော ဒုက္ခသည်များကို ထိန်းသိမ်းကျွေးမွေးရန် အလွန်ပင် အခက်အခဲ ကြုံလာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရောက်ရှိလာသော ဒုက္ခသည်များသည် သစ်ပင်အောက် တောချုံအောက်တွင် သစ်ခက်၊ သစ်ရွက်များဖြင့် တဲထိုးနေရသည်။ နေထိုင်စရာအခက်အခဲ၊ စားသောက်စရာ အခက်အခဲဖြင့် ဒုက္ခပင်လယ်ကို တဖန် ကူးဖြတ်ခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ခိုလှုံလာသည့် ဒုက္ခသည်များကို နေရာများ သတ်မှတ်ပေး၍ ထိန်းသိမ်းထားသည်။ အဓိက ဒုက္ခသည်စခန်းမှာ စစ်တကောင်းမှ ၉၅ ခန့်မိုင်အကွာ ကော့စ်ဘာဇား၌ တည်ရှိ၍ ကျန် ၁၁ ခုမှ ဂုံးဒုံး၊ ဝကောမ်၊ နီလာ စသော နယ်စပ်တလျှောက်တွင် သတ်မှတ်ထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ဤဒုက္ခသည်အရေးကို ကိုင်တွယ်ရန် အင်မတန် ခက်ခဲလာသည်။ ဒုက္ခသည်စခန်း၌ ငတ်မွတ်မှုကြောင့် လူပေါင်း တစ်သောင်းနှစ်ထောင်ကျော် သေဆုံးခဲ့ရတယ်။ ၇၀၀၀ ခန့်မှာ လူငယ်များဖြစ်ကြသည်။ ထို့အပြင် ဝမ်းကိုက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အဖျားရောဂါနှင့် အဆုတ်ရောင်ရောဂါစသည် ရောင်စုံရောဂါဘယများကြောင့်လည်း ဒုက္ခသည်များ သေကြေပျက်စီးခဲ့ရသည်။ လူပေါင်း ၆၀၀ ကျော် သက်သက် ဝမ်းကိုက်ဝမ်းပျက်ရောဂါဖြင့် သေဆုံးခဲ့ကြောင်း အနည်းဆုံး ကလေး ၁၂၀ ကျော် ပါဝင်ကြောင်း Nashua Telegraph သတင်းစာတွင် ဖော်ပြထားသည်။ ဤသို့ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာနေသော ဒုက္ခသည်များ၏ အခြေအနေကို မထိန်းသိမ်းနိုင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ ဇီယာအုရ်ရာဟာမာန်က ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများကို အကူအညီတောင်းခံခဲ့သည်။

ထိုအခါ ဩစတြေးလျနိုင်ငံသား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကုဒ်ဝါလ်ဒမ် (Kurt Waldheim) ဦးဆောင်၍ ၆ လ အရေးပေါ်ထောက်ပံ့ရေး အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ပေါ့လ်ဟာတ်လင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် Bernard Zagorin ကို ခန့်အပ်ခဲ့သည်။ ယခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် UNHCR ၏ အထူးကိုယ်စားလှယ် မရှိခဲ့ချေ။ UNHCR က ဒုက္ခသည်များကို ထောက်ပံ့ရန် ဒေါ်လာ သန်း ၃၀ ခန့် ရရှိခဲ့သည်။ ဒုက္ခသည်များအား စားနပ်ရိပ်ကွာနှင့် ဆေးဝါးကုသရေး ဘင်္ဂလားဒေ့ရှ် ကြက်ခြေနီအသင်းကို တာဝန်ပေးခဲ့သည်။ နောက်ပိုင်းတွင် UNDP ၊ FAO စသော အခြားအဖွဲ့အစည်းများ ပါဝင်လာခဲ့သည်။ UNHCR ၏ မှတ်တမ်းအရ ဒုက္ခသည်များအတွက် တစ်နှစ်လျှင် ဒေါ်လာ သန်း ၃၀ ကျော် သုံးစွဲခဲ့ကြောင်း သိရသည်။

## (၁-၈) သံတမန်အရ နှစ်နိုင်ငံညှိနှိုင်း ဆွေးနွေးခြင်း။

နှစ်ဘက်နိုင်ငံများသည် ဤပြဿနာကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းလိုကြသည်။ သို့သော် အစပိုင်းတွင် ပြေလည်မှုမရခဲ့ချေ။ ဧပြီလဆန်းပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ ဇီယာအုရ်ရာဟာမာန်၏ အကြံပေးပုဂ္ဂိုလ် ကာဇီ အာနူဝါရုလ်ဟောက်နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ကာ

သက်ဆိုင်ရာအကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မွတ်စလင်များအပေါ် ကျူးလွန်နေသော ဖိနှိပ်မှုများ တားဆီးရေးနှင့် ပြည်သူများ ထွက်ပြေးမှုကိုစုံစမ်းကာ လိုအပ်သော လက်ဦး ဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဟု နေဝင်းအစိုးရက ကတိပြုခဲ့သည်။




တဖန် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးချုပ် မြင့်မောင် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ၁၉၇၈ ခု ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ဆွေးနွေး ခဲ့သည်။ ၁၉၇၈ ခု ဇွန်လဆန်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တွာဘာရဲခ်ဟူစိန်း ဦးဆောင်သော သံတမန်အဖွဲ့ မြန်မာနိုင်ငံကို ရောက်လာခဲ့သည်။ အာဏာရှင် ဗိုလ်နေဝင်းနှင့်တွေ့ဆုံ၍ ဒုက္ခသည်များပြန်လည်လက်ခံရေး ညှိနှိုင်းခဲ့သည်။ ဗိုလ်နေဝင်းထံမှ အပြုသဘောဆောင်သော တုန့်ပြန်မှုရရှိခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်အုန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ဒါကာမြို့တွင် ဇူလိုင်လ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးခဲ့ သည်။ ဇူလိုင်လ ၉ ရက်နေ့မှာ ဒုက္ခသည်များ ပြန်လည်လက်ခံရေး နှစ်နိုင်ငံ သဘောတူညီချက်ရရှိကာ လက်မှတ်ရေးထိုးခဲ့သည်။

> ပြန်လည်ဝင်ရောက်လာသူများကို ဥပဒေနှင့်အညီ အသုတ်ခွဲ၍ အဆင့်ဆင့် လက်ခံ သွားမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် နိုင်ငံတော်က မှတ်ပုံတင်ရေး အက်ဥပဒေအရ တရားဝင် ထုတ်ပေးခဲ့သော အမျိုးသား မှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ဦးစွာလက်ခံသွားမည်။ ဒုတိယအဆင့်အဖြစ် နိုင်ငံတော်မှ ထုတ်ပေးသည့် အခြား လက်မှတ်များ ပြနိုင်သူများနှင့် မိသားစုဝင်များကို လက်ခံမည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း မိမိတို့ ရည်ရှည်နေထိုင်ခဲ့သည့် အရပ်ဒေသကျေးရွာများ၏ သက်သေခံအထောက်အထား ဖော်ပြနိုင်လျှင် လက်ခံမည်ဖြစ်ကြောင်း သဘောတူခဲ့သည်။

ပြန်လည်လက်ခံရေး နေ့ရက်ကိုမူ ဩဂုတ်လ ၃၁ ရက်နေ့တွင် ပထမအသုတ်အဖြစ် အစမ်းသဘောဖြင့် စတင်မည်ဖြစ်ပြီး စက်တင်ဘာလ ၁၅ ရက်မှ စ၍ ၃ ရက်တစ်ကြိမ် လူပေါင်း ၂၀၀၀ ကျော်စီ လက်ခံမည်ဖြစ်သည်။ ဤသို့ ပြန်လည်လက်ခံရေး ပြီးစီးသွားသည့် အထိ တရစပ် ဆောင်ရွက်သွားမည် ဖြစ်သည်။

ဇူလိုင်လနောက်ဆုံးပိုင်းတွင် တိုင်းမှူး မင်းခေါင်၊ လဝက ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် နိုင်ငံခြားရေးဌာန တာဝန်ရှိသူတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်စောင့်ရိုက်ဖယ်တပ် (BDR) ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တို့ တောင်ပြိုလက်ဝဲ၌ တွေ့ဆုံပြီး ဒုက္ခသည်များ ပြန်လည်လက်ခံရေး အစီအစဉ်များနှင့် နယ်စပ် လုံခြုံရေးအပါအဝင် အခြားအရေးကြီးဆောင်ရွက်ရမည့် လုပ်ငန်း ဆောင်တာများကို ရှေးပြေး ညှိနှိုင်းဆွေးနွေးခဲ့သည်။



လက်ခံရေးစခန်းသို့ ပြန်လည်ဝင်ရောက်လာနေသော ဒုက္ခသည်များ။ (၁၉၇၈)

## (၁-၉) ဒုက္ခသည်များ ပြန်လည်လက်ခံရေး ဟင်္သာစီမံချက်။

ဒါကာသဘောတူညီချက်အရ ပြန်လည်လက်ခံနေရာချထားရေး စီမံချက် ရေးဆွဲဆောင်ခြင်း အစီအစဉ်ကို ၁၉၇၈ ခု ဇူလိုင်လ (၃၁) ရက်တွင် **ဟင်္သာစီမံချက်** အမည်ဖြင့် မဆလအစိုးရက ထုတ်ပြန် ကြေညာခဲ့သည်။ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးအဖွဲ့များကို ဗဟို၊ ပြည်နယ်၊ မြို့နယ်အလိုက် အဆင့်ဆင့် ဖွဲ့စည်းထားပြီး နိုင်ငံတော် ဗဟိုအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးစိန်လွင်မှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒုဝန်ကြီး ဦးခင်မောင်ရည်မှလည်းကောင်း အသီးသီး တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ထို့နောက် တောင်ပြို(ဝဲ၊ ယာ)၊ သဲချောင်း၊ ကွမ်းသီးပင်၊ ဇီးပင်ချောင်း၊ ငါးခူးရ၊ ပြင်ဖြူ၊ မကျီးချောင်း၊ ရွက်ညိုတောင်၊ ဝေလာတောင်၊ တမန်းသား၊ မြင်းလွှတ် စသော နယ်စပ်တွင် ပြန်လည် လက်ခံရေးစခန်းပေါင်း ၁၀ ခုကို အရပ်သားများအား အဓမ္မ အလုပ်ခိုင်း၍ ၁၀ ရက်အတွင်း

တည်ဆောက်ကာ ဒုက္ခသည်များ ပြန်လည်လက်ခံရန် ပြင်ဆင်ခဲ့သည်။ လက်ခံရေးစခန်းအဆောင်များကို ဝါးနှင့် ဆောက်လုပ်ကာ ဧရိယာ ၆၀×၂၀ ပေ ရှိပြီး သက်ကယ်မိုး၊ သက်ကယ်ကြမ်းဖြစ်သည်။ အဆောင်တစ်ဆောင်လျှင် မိသားစု ၅ စု ယာယီနေနိုင်ရန် ပြင်ဆင်ထားသည်။

နောက်ထပ် လက်ခံရေးစခန်းများမှာ (၁) မှန်ဇီစခန်း (စစ်တွေမြို့နယ်)၊ (၂) ဂုပ္ပိစခန်း (ဘူးသီးတောင်မြို့နယ်)၊ (၃) ဘူးသီးတောင် မြို့ပေါ်စခန်း၊ (၄) ဝက်ငါးအောက်စခန်း (ဘူးသီးတောင်မြို့နယ်)၊ (၄) ညောင်ချောင်းစခန်း (ဘူးသီးတောင်မြို့နယ်)၊ (၅) လောင်းချောင်းစခန်း (ရသေ့တောင်မြို့နယ်)၊ (၆) ရသေ့တောင် မြို့ပေါ်စခန်း၊ (၇) အောင်ဒိုင်စခန်း (စစ်တွေမြို့နယ်)၊ (၈) မင်းဂံစခန်း (စစ်တွေမြို့နယ်)၊ (၉) ဘော်လီဘာဇားစခန်း (မောင်တောမြို့နယ်)၊ (၁၀) ၄ မိုင်စခန်း (မောင်တောမြို့နယ်) တို့ ဖြစ်ကြသည်။



(ပုံ-၉) မကျီးချောင်းလက်ခံရေးစခန်းသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား တွေ့ရစဉ်။ (၁၉၇၉)

၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ရိုဟင်ဂျာဒုက္ခသည်များကို ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်း စောင့်ကဲမှုအောက်တွင် စတင်လက်ခံခဲ့သည်။ လက်ခံရေးစခန်းတွင် လူဝင်မှုကြီးကြပ်ရေးအဖွဲ့၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ရဲတပ်ဖွဲ့၊ စစ်တပ်တို့ ပူးပေါင်းပါဝင်ပြီး ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ စိစစ်မှုများပြုလုပ်ကာ မြန်မာနိုင်ငံသား မှန်ကန်ကြောင်းစိစစ်တွေ့ရှိလျှင် လက်ခံပေးပြီး မူလနေရာသို့ ပို့ဆောင်ပေးလေ့ရှိသည်။ ထို့အပြင် ယူအန်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ဆရာဝန်အဖွဲ့လည်း အတူပါရှိသည်။ ဆရာဝန်အဖွဲ့က ကျန်းမာရေးစိစစ်ပြီး ယူအန်အဖွဲ့က အထောက်အပံ့ပစ္စည်းများ ပေးဆောင်လေ့ရှိသည်။ အိမ်ထောင်စုတစ်စုကို ၁၅ ရက်စာ ရိက္ခာ၊ အဝတ်အစားနှင့် ချက်ပြုတ်ရေး အိုးခွက်ပန်းကန်များကို ထောက်ပံ့သည်။ ဗိုလ်ချုပ်ခင်ညွန့် ဦးဆောင်သည့် ခလရ ၂၀ တပ်ရင်းက လုံခြုံရေး တာဝန်ယူခဲ့သည်။

အစမ်းကာလတွင် လူ ၄၀၀ လက်ခံရန် အစီအစဉ်ရှိရာ လူ ၅၈ ဦးသာ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ဒုက္ခသည်များပြန်လာရန် ကြောက်ရွံ့ကြသည်။ ၎င်းတို့၏ စိတ်ထဲတွင် ကိန်းအောင်းနေသည့် အာဏာပိုင်များ၏ ရက်စက်မှုမြင်ကွင်း မပြေသေးချေ။ သူတို့က အသက်

လုံခြုံမှု၊ အိုးအိမ်လုံခြုံမှုကို အာမခံရန် တောင်းဆိုကြသည်။ အသက် ၄၅ နှစ်အရွယ် အူလာမျာက "ကျနော့်အသက် အန္တရာယ်ကင်း၍ ကျနော့်ရဲ့ လယ်မြေအိုးအိမ် လုံခြုံမှုရှိတာ၊ ကျနော့်တို့ ဒေသဟာ အကြမ်းဖက် အုပ်ချုပ်ရေးကင်းစင်သွားတာ သေချာသွားရင် ကျနော် ချက်ချင်း ပြန်တော့မှာပဲ" ဟု သတင်းထောက် ဂျွန်နီဒမ် ကို ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ဒုက္ခသည်များ ဆန္ဒမပါဘဲ အတင်းအဓမ္မ ပြန်စေခိုင်းရာ ဒုက္ခသည်စခန်းတွင် အငြင်းပွား ဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့သည်။ စက်တင်ဘာလ ၈ ရက်နေ့တွင် ကုတုပါလောင် ၂ ဒုက္ခသည်စခန်းတွင် မြန်မာနိုင်ငံသို့ ပြန်မပို့ရန် ဆန္ဒပြနေသောလူအုပ်ကို သေနတ်ပစ်ခတ် ထိန်းသိမ်းရာ ဒုက္ခသည် ၈ ဦး ပွဲချင်းသေဆုံးခဲ့ပြီး ၆ ဦးထက်မနည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည်။ ၁၀ မိနစ်အကြာတွင် ကြက်ခြေနီ ဆေးပေးခန်းဝန်းခြံတွင် ထိုင်နေသော ဒုက္ခသည် ၃ ဦးကို ထပ်မံပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ထိုသို့ စခန်းလုံခြုံရေး ယူထားသော ဘင်္ဂလားဒေ့ရှ် ရဲအရာရှိများက သေနတ်ပစ်ခတ်ရာ လူ ၁၁ ဦး ပွဲချင်းသေဆုံးခဲ့ရသည်။ သေနတ်ပစ်ခတ်ရန် ဒုက္ခသည်စခန်း ကြီးကြပ်ရေးမှူးက အမိန့်ပေးခဲ့သည်ဟု ဆိုသည်။



(ပုံ-၁၀)
ဘူးသီးတောင်မြို့နယ်
ကျေးရွာတစ်ရွာတွင်
မီးရှို့ခံရသော
အိမ်များ အစိုးရက
ပြန်လည်တည်ဆော
က်ပေးနေပုံ။ (၁၉၇၈)

ဒုက္ခသည်များ နေရပ်ပြန်သွားရန် ကြန့်ကြာနေသည့်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရက ဒုက္ခသည်များ၏ ရိက္ခာလျှော့ချခဲ့သည်။ ဒုက္ခသည်များ အစားအသောက် အခက်ခဲကြုံမှ အလျင်အမြန် နေရပ်ပြန်မည်ဟု ယူဆကြသည်။ ဒုက္ခသည်များကို မေလမှစ၍ တစ်နေ့လျှင် ပုံမှန် ဂျုံ ၂၀၀ ဂရမ်၊ ဆန် ၂၀၀ ဂရမ်၊ သားငါး ၄၀ ဂရမ်၊ ဆီ ၃၀ ဂရမ်၊ သကြား ၁၀ ဂရမ်၊ ဆား ၁၀ ဂရမ်၊ လက်ဖက်ခြောက် ၂ ဂရမ်စီ ပေးဆောင်လေ့ရှိသော်လည်း နောက်ပိုင်းတွင် ဆီနှင့် သကြား လျှော့ချခဲ့သည်။ ထို့အပြင် ရိက္ခာများ ပုံမှန်ပေးဆောင်လေ့ မရှိခဲ့ချေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ ကယ်ဆယ်ရေးဝန်ကြီးဌာန အတွင်းဝန် အက်စ်၊ အေ၊ ခါစ်ရူ က ' ဒုက္ခသည်များ နေရပ်ပြန်ရေးအတွက် ရိက္ခာလျှော့ချရန် ဘင်္ဂလားဒေ့ရှ်အစိုးရက လိုလားကြောင်း' UNHCR တာဝန်ရှိသူများနှင့် အစည်းအဝေးတွင် ပြတ်ပြတ်သားသား ထုတ်ဖော်ပြောကြားခဲ့သည်။

ဒုက္ခသည်စခန်းတွင် လုံခြုံရေးတာဝန်ယူနေသော အာန်ဆာရ် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လည်း ဒုက္ခသည်များကို အမျိုးမျိုး ဖိနှိပ်မှုများ ပြုလုပ်လာသည်။ ဒုက္ခသည်များကို စခန်းအပြင်ပ ထွက်ရန် ပိတ်ပြင်ထားခြင်း၊ အိမ်ခြေရှင် အမျိုးသမီးနှင့် မိန်းကလေးများကို မဖွယ်မရာပြုလုပ် စော်ကားခြင်း စသည်တို့ တနေ့တခြား တိုးချဲ့လာခဲ့သည်။

စက်တင်ဘာလ ၁၅ ရက်တွင် မြန်မာက ဒုက္ခသည် ၂၀၀ လက်ခံခဲ့သည်။ မြန်မာနိုင်ငံဘက်မှ ဒေသတည်ငြိမ်ရေး သတင်းနှင့်အမျှ ဒုက္ခသည်များ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလာကြသည်။ နေရပ်စွန့်ခွာသွားသည့် ပြည်သူများ၏ အိမ်ယာလယ်မြေများကို မထိခိုက်ရန် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက အမိန့်ထုတ်ပြန်ထားကြောင်း အစိုးရက ပြောဆိုခဲ့သည်။ ဒုက္ခသည်များ လက်ခံရာတွင် သူတို့၏ မူလနေရာတွင် ပြန်လည် နေထိုင်ခွင့်ပေးခြင်း၊ လူမျိုးနာမည်ကို ရိုဟင်ဂျာ ဟု ရေးသွင်းဖော်ပြခြင်း၊ သူတို့၏ လယ်မြေများကို ပြန်လည်ပေးအပ်ခြင်း၊ မီးရှို့ခံရသည့် အိုးအိမ်များကို ဝါးထရံများဖြင့် ပြန်လည်တည်ဆောက်ပေးခြင်းစသည်တို့ကို မဆလအစိုးရက ဆောင်ရွက်ပေးခဲ့ သည်။ နိုဝင်ဘာလ ၁၅ ရက်မှ စ၍ ၃ ရက်လျှင် လူပေါင်း ၂၀၀၀ ခန့်စီ ပုံမှန် ပြန်လည်ရောက်လာ ခဲ့ကြသည်။ ၁၉၇၉ ခု မတ်လ ကုန်ဆုံးခါနီးတွင် ဒုက္ခသည်ပေါင်း ၁၀၇, ၃၆၈ ဦး လည်းကောင်း၊ ၁၉၈၀ ဇန်နဝါရီလ ၅ ရက်အထိ ဒုက္ခသည်ပေါင်း ၁၈၆၉၆၈ ဦး လည်းကောင်း မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာခဲ့သည်။ UNHCR ၏ မှတ်တမ်းတွင် ဒုက္ခသည် စုစုပေါင်း ၂ သိန်းခွဲကျော်ရှိခဲ့ရာ မြန်မာနိုင်ငံသို့ စုစုပေါင်း ၁၈၆၉၆၈ ဦး ပြန်လည်ဝင်ရောက်လာခဲ့သည်။

## (၁-၁၀) နိုင်ငံတကာ၏ ဝေဖန်မှုနှင့် မဆလအစိုးရက အကြမ်းဖက်မှုကို ဖုံးကွယ်ရန်ကြိုးစားခြင်း။

နေရပ်စွန့်ခွာသူများ၏ဆိုးရွားသည့် အခြေအနေ၊ သူတို့၏ သက်သေခံထွက်ဆိုချက်များ၊ သတင်းထောက်များက ကိုယ်တွေ့မြင်ခဲ့သည့် အဖြစ်အပျက်များကို နိုင်ငံတကာစာနယ်ဇင်းများက ကျယ်ကျယ်ပြန့်ပြန့် ရေးသားလာကြသည်။ ထိုခေတ် ရိုဟင်ဂျာအရေးလှုပ်ရှားနေသော RPF ခေါ် ရိုဟင်ဂျာမျိုးချစ်တပ်ဦးကလည်း ရိုဟင်ဂျာဒုက္ခသည်များအရေး ကမ္ဘာအထိရောက်အောင် မနားတမ်း ကြိုးပမ်းခဲ့သည်။ "စစ်တပ်က ဘာသာရေး နှိပ်ကွပ်မှု၊ လူမျိုးရေးခွဲခြားဆက်ဆံမှု၊ စနစ်တကျ ခွဲခြားမှုနှင့် ရိုဟင်ဂျာလူမျိုးကို အမိမြေမှ ရှင်းလင်းလိုသော တမင်ရည်ရွယ်ချက်ဖြင့် နဂါးမင်းစစ်ဆင်ရေးကို စတင်ခဲ့ကြောင်း RPF က ဝေဖန်ရှုတ်ချခဲ့သည်။

၁၉၇၈ ခု ဧပြီလ ၂၄ ရက်တွင် ဆီနီဂေါ်နိုင်ငံ၌ ကျင်းပသော အစ္စလာမစ်ကောင်စီ အစည်းအဝေးတွင် မြန်မာဒုက္ခသည်များအရေးကို ဆွေးနွေးလာသည်။ မေလအလယ်လောက်တွင် မလေးရှားနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့က မြန်မာဒုက္ခသည်များ ပြဿနာကို ဘက်မလိုက်ဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းပေးလိုကြောင်း သဘောထားထုတ်ပြန်ခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံ

စသော အာရပ်နိုင်ငံများက နေဝင်းအစိုးရ၏ အကြမ်းဖက်လုပ်ရပ်ကို ပြင်းပြင်းထန်ထန် ရှုတ်ချလာခဲ့သည်။

၁၉၇၉ ခုနှစ် (၃၅) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က မြန်မာအရေးကို အရေးပေါ်ဆွေးနွေးခဲ့သည်။ အာရ်ပီအဖ်က အစီရင်ထားသည့်အကြောင်းအရာကို ပြင်သစ်၊ ကိုလံဘီယာနှင့် အိုင်ဗရီကို့စ် နိုင်ငံများမှ စုံစမ်းစစ်ဆေးရေး ကော်မတီတစ်ရပ်ဖွဲ့စည်းရန် အဆိုပြုခဲ့ရာ အဓိကရုဏ်းများ ကာကွယ်ခြင်းနှင့် လူနည်းစုများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဦးစီးအဖွဲ့မှ စိစစ်ဆွေးနွေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည်လည်း ရိုဟင်ဂျာဒုက္ခသည်များကို ကူညီရာတွင် ထည့်ထည့်ဝင်ဝင် ပါဝင်လာခဲ့သည်။

၁၉၇၉ ခု ဇန်နဝါရီလ ၈ ရက်မှ ၁၄ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အစ္စလာမစ်ဒါဝဟ် ညီလာခံကြီး ကျင်းပရာ ရိုဟင်ဂျာလူမျိုးစု ကိုယ်စားလှယ်အဖြစ် ပါမောက္ခ ခင်မောင် (ခ) ဇော်ကရီယား၊ အာရစ် (စစ်တွေ)တို့အဖွဲ့ တက်ရောက်၍ ရိုဟင်ဂျာမွတ်စလင်အပေါ် စစ်တပ်က ကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တင်ပြဆွေးနွေးခဲ့သည်။ မဆလ အစိုးရဘက်ကလည်း အစ္စလာမ်သာသနာ့ရေးရာကောင်စီဌာနချုပ်မှ ဆရာချယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်၍ သူတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။

ပြည်သူ့ကောင်စီအစိုးရက အကြမ်းဖက် နဂါးမင်းစစ်ဆင်ရေးကို ဖုံးကွယ်ရန် အမျိုးမျိုး ကြိုးစားလာခဲ့သည်။ နဂါးမင်းစီမံချက်သည် ဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းတစ်ရပ်မျှသာဖြစ်ကြောင်း၊ မွတ်စလင်များကို အာဏာပိုင်များက ဖိနှိပ်ခဲ့သည်မဟုတ်ကြောင်း၊ တရားဥပဒေကို မလိုက်နာလိုသောကြောင့် ကောလဟာလ သတင်းများကိုယုံ၍ သူတို့ဘာသာသူတို့ ထွက်ပြေးခဲ့သည်ဖြစ်ကြောင်း၊ ထွက်ပြေးစဉ် ကိုယ့်အိမ်ကိုယ် မီးရှို့ခဲ့သည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲများတွင် အကြမ်းဖက် တပ်မတော်၏ မူရိုးအတိုင်း ပြောဆိုခဲ့သည်။

မေလ နောက်ဆုံးပိုင်းတွင် သူတို့ရွေးချယ်ထားသော ပြည်တွင်းပြည်ပ သတင်းစာဆရာများ အဖွဲ့ကို ဘူးသီးတောင်၊ မောင်းတောသို့ စေလွှတ်၍ ဟန်ပြလေ့လာခိုင်းသည်။ ဘူးသီးတောင်သို့ မထွက်ခွာမီ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်ရိပ်သာတွင် အစည်းအဝေးနှင့် သတင်းစာရှင်းပွဲ ပြုလုပ်ကာ နဂါးမင်း စစ်ဆင်ရေး တရားခံ ဗိုလ်မှူး ကျော်မောင်၊ ဦးစိုးမြင့်၊ ဦးထွန်းတင် စသည်တို့က သူတို့ကျူးလွန်ခဲ့သမျှသည် တရားဥပဒေနှင့် ညီညွတ်ကြောင်း သတင်းစာဆရာများအဖွဲ့ကို ကြိုတင်နားသွင်းပေးခဲ့သည်။ ထို့အပြင် အရပ်သားများကို သတင်းစာဆရာများနှင့် အလွတ်သဘော တွေ့ဆုံမေးမြန်းခွင့်မပြုဘဲ သူတို့ ဘက်တော်သား မြို့နယ်ကောင်စီ ကိုယ်စားလှယ်များ၊ ပါတီအဖွဲ့ဝင် ဒေသခံမွတ်စလင်များကို အသုံးပြု၍ ထွက်ပြေးသွားသည့် မွတ်စလင်များကို အာဏာပိုင်က ဖိနှိပ်ခဲ့သည်မဟုတ်ကြောင်း သူတို့ဘာသာသူတို့ အထောက်အထား မခိုင်လုံ၍ ကြောက်ရွံ့ထွက်ပြေးသွားသည်ဖြစ်ကြောင်း မဟုတ်မမှန် ထွက်ဆိုခိုင်းသည်။ မောင်တော မြို့နယ်ကိုယ်စားလှယ် ဦးနူရူလောက်(ကြိမ်ချောင်း)က 'အဖျက်သမားတွေရဲ့ သွေးဆောင်မှုကြောင့် သူတို့ ထွက်ပြေးတာပေါ့' ဟု ပြောဆိုသေးသည်။

## (၁-၁၁) ဟသ်ာစီမံချက် အနှစ်ချုပ်နှင့် နဂါးမင်း စစ်ဆင်ရေး၏ အကျိုးဆက်

မဆလအစိုးရ၏ အကြမ်းဖက်နဂါးမင်းစစ်ဆေးကြောင့် ရခိုင်ပြည်သား ရိုဟင်ဂျာ ၂၅၂၀၀၀ ဦး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် UNHCR မှတ်တမ်းတွင် ဖော်ပြထားသော်လည်း ဟသ်ာစီမံချက် စတင်သည့် ၁၉၇၈ ခု၊ ဩဂုတ်လ (၃၁) ရက်မှစ၍ ၁၉၈၀ ခု ဇန်နဝါရီလ (၅) ရက်နေ့ လက်ခံရေးစခန်းများ ပိတ်သိမ်းသွားသည်အထိ ပြန်လည်လက်ခံရသူ အရေအတွက်မှာ အိမ်ထောင်စု စုစုပေါင်း (၃၁၅၂၅) စု၊ အမျိုးသား (၉၃၄၂၅) ဦး၊ အမျိုးသမီး (၉၃၅၄၃) ဦးဖြစ်၍ စုစုပေါင်း (၁၈၆၉၆၈) ဦးဟု မြန်မာအစိုးရ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။


မဆလအစိုးရသည် သူတို့ မလိုလားသော ရိုဟင်ဂျာဒုက္ခသည် အရေအတွက်ကို ထုံးစံအတိုင်း လျော့ချ၍ ဖော်ပြခဲ့သည်။ မြန်မာအစိုးရ မှတ်တမ်းအရ ထွက်ပြေးသွားသည့် အရေအတွက်မှာ ၁၄၃၉၀၀ ဦးဟု တွေ့ရသည်။ ဤမှတ်တမ်းအရ အချို့ မျိုးချစ်များက မွေးဖွားနှုန်းကို ထည့်မတွက်ဘဲ မဆလအစိုးရသည် ဒုက္ခသည် ၃ သောင်းကျော်ကို အပိုလက်ခံခဲ့ရသည်ဟု ဝေဖန်သော်လည်း အမှန်စင်စစ်မှာ UNHCR မှတ်တမ်းအရ မဆလအစိုးရသည် ဒုက္ခသည် ၄ သောင်းကျော်ကို ပြန်လည် လက်မခံဘဲ ၎င်းတို့၏ အမိအာရကန်မြေမှ ထာဝရ နှင်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။ ယင်း ဒုက္ခသည် ၄ သောင်းကျော်မှာ အမိမြေကို ထာဝရစွန့်ခွာ၍ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အာရပ်နိုင်ငံများသို့ အခြေချ နေထိုင်သွားခဲ့လေသည်။ ပါကစ္စတန်နိုင်ငံ ကာရာချီမြို့ရှိ ဗမာကိုလိုနီရပ်ကွက်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗမာကိုလိုနီရက်ကွက်များသည် ၁၉၇၈ နဂါးမင်းကြောင့် အမိမြေ စွန့်ရသူများ နေထိုင်သော ရပ်ကွက်များဖြစ်သည်။ အကြမ်းဖက်မှုကို ရှောင်တိမ်းထွက်ပြေးသူများထဲတွင် ရွာသူကြီးများ၊ အစိုးရအမှုထမ်းများနှင့် ပါတီကောင်စီအဖွဲ့ဝင်များလည်း အများအပြား ပါဝင်ခဲ့ သည်။

မဆလအစိုးရက ဧပြီ ၂၉ ရက် ၁၉၇၈ ခု အစီရင်ခံစာတွင် စစ်တွေ၌ လူ ၃၆၈၂၅ မှ ၁၀၂၅ ဦး ဖမ်းဆီးခဲ့ကြောင်း ထုတ်ပြန်ထားသည်။ မေ ၁၉ ရက် ၁၉၇၈ ခု အစီရင်ခံစာအရ ဘူးသီးတောင် မြို့နယ်တွင် ကျေးရွာအုပ်စု ပေါင်း ၈၃ ခု၊ ပြည်သူ ၁၀၈၄၃၁ ဦးကို စစ်ဆေးခဲ့ပြီး လူ ၆၄၃ ဦးကို တရားစွဲခဲ့ကြောင်း၊ ၃၃၅၉၆ ဦး ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း၊ နေအိမ် ၆၄၂၉ လုံး စွန့်ခွာခဲ့ကြောင်း ဖော်ပြထားသည်။ ရက်စွဲအတိအကျ မသိရသော မှတ်တမ်းတစ်ခုတွင် မောင်းတောမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၉၉ ခု၊ ပြည်သူ ၁၂၅၈၉၃ ဦး စစ်ဆေးခဲ့ပြီး လူ ၄၅၈ ဦးကို တရားစွဲ အရေးယူခဲ့ ကြောင်း၊ ၈၅၇၀၅ ဦး ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း၊ နေအိမ် ၁၂၅၂၂ လုံး စွန့်ခွာခဲ့ကြောင်း၊ ဘူးသီးတောင် မောင်တော မှ လူ ၁၀၁၀၄၁ ဦး ထွက်ပြေးခဲ့ကြောင်း ဖော်ထားသည်။

နောက်မှတ်တမ်းတစ်ခုတွင် နဂါးမင်းစစ်ဆင်ရေးကြောင့် ဘူးသီးတောင်၊ မောင်းတော၊ ရသေ့တောင်၊ စစ်တွေ၊ ပေါက်တော၊ ကျောက်တော၊ မြောက်ဦး၊ မင်းပြားမြို့နယ်တို့မှ ထွက်ပြေးတိမ်းရှောင်သွားသူ ဦးရေမှာ ၁၅၆၆၃၈ ဦးဖြစ်ပြီး အိမ်ထောင်စုပေါင်း ၂၅၉၅၀ စုဖြစ်ကြောင်း တွေ့ရှိရသည်။

ဝန်ကြီးချုပ်ဟောင်း ခင်ညွန့်၏ 'နိုင်ငံ၏ အနောက်ဘက်တံခါးပေါက်က ပြဿနာ' စာအုပ် (၂၀၁၆)တွင် ခိုင်လုံသော အထောက်အထား မပြနိုင်ခဲ့သည့် လူဦးရေ အရေအတွက်မှာ ဘူးသီးတောင်မြို့နယ်တွင် ၆၄၃ ဦးဟုလည်းကောင်း၊ မောင်တောမြို့နယ်တွင် ၄၅၈ ဦးဟု လည်းကောင်း ဖော်ပြထားသည်။

နဂါးမင်း စစ်ဆင်ရေးနှင့် ဟသ်ာစီမံချက်တွင် ကိုယ်တိုင်ပါဝင်ခဲ့သော လဝကအရာရှိ ဦးသန်းက ရခိုင်ပြည်နယ်မဂ္ဂဇင်း (၁၉၈၄ ထုတ်)တွင် 'နဂါးမင်းစစ်ဆင်ရေးကို စစ်တွေတွင် ဖေဖော်ဝါရီလ ၁၁ ရက်တွင်လည်းကောင်း၊ ဘူးသီးတောင်မြို့နယ်တွင် မတ်လ ၁၇ မှ မေလ ၄ ရက်အထိ လည်းကောင်း၊ မောင်းတောမြို့နယ်တွင် မေလ ၈ ရက်မှ ဇွန်လ ၅ ရက်အထိလည်းကောင်း စစ်ဆေးခဲ့သည်။ သို့သော် ခိုင်လုံသော အထောက်အထား မပြနိုင်သူ စစ်တွေ၌ ၃၄၉ ဦး၊ ဘူးသီးတောင်နှင့် မောင်းတောတွင် ၂၂၈ ဦး ဖမ်းဆီးရမိခဲ့သည်' ဟု ဖော်ပြထားသည်။



(ပုံ-၁၁) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ လက်ခံရေးပုံစံ။

မြန်မာနိုင်ငံတွင် တရားမဝင် နေထိုင်နေသည်ဟုစွပ်စွဲ၍ မောင်းထုတ်ခံရသော ရခိုင်ပြည်သား ရိုဟင်ဂျာ ဒုက္ခသည်များသည် အိုးအိမ်မီးရှို့ခံရ၊ ဆွေမျိုးသားသမီးများ အသတ်ခံရ၊ ဖမ်းဆီးခံရ၊ စာရွက်စာတမ်းများ လုယူသိမ်းဆည်းခံခဲ့ရသည်။ ဤဒုက္ခသည်အများစုမှာ ပညာမဲ့ဖြစ်နေသည်က တစ်ကြောင်း၊ အိုးအိမ်မီးရှို့ခံရ၍ အသက်ဘေးမှ အနိုင်နိုင် ထွက်ပြေးရသည်ကတစ်ကြောင်း စာရွက်စာတမ်းများကို လုံလုံခြုံခြုံ သိမ်းဆည်းထားနိုင်ရန် အလွန်ပင် ခဲယဉ်းလှသည်။ သို့ပေမဲ့ မြန်မာနိုင်ငံက ဒုက္ခသည်များ ပြန်လည်လက်ခံချိန်တွင် ဒုက္ခသည် တစ်သိန်းတစ်သောင်းခန့်က

အမျိုးသား မှတ်တင်ကတ်ပြား ပြနိုင်ခဲ့သည်ဟု ၁၉၇၈ ခု ဇန်နဝါရီလ ၂၃-၂၅ ရက် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရှောမ်ရှူလ်ဟောက်တို့အဖွဲ့ မြန်မာနိုင်ငံခရီးစဉ်တွင် အာဏာရှင် နေဝင်း၊ သမ္မတ ဦးစန်းယု တို့နှင့် တွေ့ဆုံဆွေးနွေးသည့်မှတ်တမ်းတွင် ဖော်ပြထားသည်။ သို့သော် မြန်မာ အာဏာပိုင်များက ထုံးစံအတိုင်း အရေအတွက်လျော့ချ၍ ဖော်ပြရာ "လူပေါင်း ၇၆၀၀၀ ကျော်မှာ မှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူလို့ ခန့်မှန်းရတယ်။ လူတွေ ထွက်ပြေးတဲ့အခါ အိမ်တွေ မီးရှို့တယ်။ အချို့ နေရာမှာဆိုရင် တစ်ရွာလုံး မီးရှို့တယ်။ အဲဒါတွေကိုလည်း အစိုးရက ပြန်လည် တည်ဆောက်ပေးဖို့ ပြင်ဆင်နေတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က စစ်တွေ၌ သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သတင်းစာများတွင် တွေ့ရသည်။ ဤသို့ တစ်နေရာ တမျိုးမျိုး တွေ့ရှိရသည့် အဏာရှင်နေဝင်း အစိုးရ၏ စာရင်းအင် အရေအတွက်ကို အဘယ်မျှ အယုံအကြည်ရှိနိုင်မည်နည်း စာဖတ်သူတို့ ကိုယ်တိုင်စဉ်းစာဆင်ခြင်ကြည့်ပါ။ ပြည်သူများအကြား ရိုဟင်ဂျာမုန်းတီးရေး တည်မြဲနေအောင် တမင် လုပ်ကြံခြင်းဖြစ်ကြောင်း အတိအလင်းတွေ့ရှိရသည်။

နဂါးမင်းစစ်ဆင်ရေး၏ အကျိုးအဆက်ကြောင့် မောင်တော၊ဘူးသီးတောင်၊ ရသေ့တောင်နှင့် အခြားမြို့နယ်များမှ ရွာပေါင်း ၆၆ ရွာ ပျက်စီးခံခဲ့ရသည်။ လူပေါင်း ၂ သိန်းခွဲကျော် ဒုက္ခသည်ဘဝ ရောက်ခဲ့ရသည်။ အပြစ်မဲ့ပြည်သူ မြောက်များစွာ ဖမ်းဆီးထောင်ချခံရသည်။ ရာနှင့်ချီသော အမျိုးသမီးများ အဓမ္မပြုကျင့်ခံခဲ့ရသည်။ ပြည်သူများက လူမဆန်သော ဖိနှိပ်ညှည်းပမ်းမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆိုးဆိုးဝါးဝါး ခံစားခဲ့ရသည်။ ပြည်တွင်းပြည်ပ လူပေါင်း ၂ သောင်း ကျော် သေကြေပျက်စီးခံခဲ့ရသည်။

လူဦးရေ မရှိသလောက် လျော့နည်းသွား၍ ဖျက်ဆီးခံခဲ့ရသည့် ကျေးရွာအချို့မှာ ဘူးသီးတောင်မြို့နယ်တွင် ခွဆုံ၊ ဆင်ဂုံတိုင်၊ ပြင်လှ၊ ဝရကျွန်း၊ အလယ်ချောင်း၊ ကကျက်ဘက်၊ မြောင်းနား၊ မောင်ကြီးနောင်၊ ငကျဉ်းတောက်၊ မီးကျောင်းခေါင်းဆွဲ၊ အင်းချောင်း၊ သဂင့်နတ်၊ ခြင်းသမား၊ စံညွှင်းဝေ၊ မောင်နှမ၊ ပါလိတောင်၊ တပ်မင်းချောင်း၊ နန်းရာကုန်း၊ ငါးရန့်ချောင်း၊ လက်ဝဲဒက်၊ စင်ညာပြင်၊ ဖိုးခေါင်ချောင်း၊ သိန်တောင်ပြင် (ကီဇာရ်ဘီလ်)၊ ငွေတောင်၊ ရွှေပြင်၊ ဆင်အိုးပြင်၊ ဘူးသီးတောင် စသော ကျေးရွာတို့ ဖြစ်ကြသည်။ မောင်တောမြို့နယ်တွင် ကျောက်ချောင်း၊ သဲချောင်း၊ လိပ်ရဲ၊ လှိုင်သီ၊ ငါးရန့်ချောင်း၊ တပ်ချောင်း၊ အင်တူလာ၊ ဇီးပင်ချောင်း၊ တောင်ပြို၊ မီးတိုက်၊ ဘောက်ရှုးဖွေးရာ၊ ခမောင်းဆိပ်၊ ကာလာဒေးဖား၊ နန်းရာကိုင်း၊ ကွမ်းသီးပင်၊ ကြောင်နဖေ၊ ကျွန်းပေါက်ပြုစု၊ သစ်တုံးနားခွဆုံ စသော ကျေးရွာပေါင်း ၂၀ ကျော်မှာ ရွာသားများ တိမ်းရှောင်သွား သဖြင့် ရွာတစ်ခုလုံးသော်လည်းကောင်း၊ တစ်ပိုင်းတဝက်သော်လည်းကောင်း ဖျက်ဆီးခံရသည်။

ဤသို့ ရာဇဝတ်မှုများကို ထင်ထင်ရှားရှား လက်လွတ်ကျူးလွန်ခဲ့သည့် ရာဇဝတ်ကောင် စစ်တပ် တစ်ဦးတစ်ယောက်ကိုမှ မဆလအစိုးရက အရေးယူခြင်း၊ တရားစွဲခြင်း မရှိခဲ့သလို အနစ်နာခံရသူများကိုလည်း မည်သည့် လျော်ကြေးတစ်စုံတစ်ရာ မပေးခဲ့ချေ။ အထက်က ရာဇဝတ်ကောင်များကို ရာထူးအဆင့် တိုးမြှင့်ပေးခဲ့သေးသည်။ ရာဇဝတ်မှုကို ဦးဆောင်ခဲ့သည့်

တိုင်းမှူး မင်းခေါင်ကို ပြည်ထဲရေးဝန်ကြီးအဖြစ်လည်းကောင်း၊ အမှတ် (၂၀) ခြေလျင်တပ်ရင်း တပ်ရင်းမှူး ခင်ညွှန့်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တွင် စစ်ဦးစီးမှူး(ပထမတန်း) အဖြစ် လည်းကောင်း ရာထူးတိုးမြှင့်ပေးခဲ့သည်။

**လူထုဝဏ္ဏ**
(၄-၂-၂၀၂၅)

⍟⍟⍟

## မှီငြမ်း

၁။ ခင်ညွန့်(၂၀၁၅)၊ ကြုံတွေ့ခဲ့ရ ကျွန်တော့်ဘဝ အထွေထွေ၊ စာ ၉၉-၁၀၃။
၂။ ခင်ညွန့် (၂၀၁၆)၊ နိုင်ငံ၏အနောက်ဘက်တံခါးပေါက်က ပြဿနာ။
၃။ စိန်အေးထွန်း (၁၉၇၈၊ မေ ၁)၊ နဂါးမင်းစီမံချက်(၁) နိုင်ငံနှင့်ပြည်သူ့အကျိုးကို မျှော်ကိုးရေး။ လုပ်သားပြည်သူနေ့စဉ်။
၄။ စိန်အေးထွန်း (၁၉၇၈၊ မေ ၂)၊ နဂါးမင်းစီမံချက်(၂) ကိုယ့်တာဝန်ကိုယ် ထမ်းခြင်း။ လုပ်သားပြည်သူနေ့စဉ်။
၅။ တင်ထွေး (၁၉၇၈)၊ ဘူးသီးတောင် မောင်တောနှင့် နဂါးမင်း(၁-၃)။ ကြေးမုံ။
၆။ နဂါးမင်း စစ်ဆင်ရေး၊ မြန်မာဝီကီပီဒီးယား။
၇။ မောင်တောမြို့နယ် ဖြစ်စဉ်သမိုင်း၊ မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ မောင်တောမြို့နယ် ပါတီယူနစ်၊ မောင်တောမြို့။ ၁၉၈၂ ခု။
၈။ ဝင်းငွေး၊ (၁၉၇၉)၊ မြန်မာကိုယ်စားလှယ်အဖွဲ့ အစ္စလာမစ်ဒါဝဟ် ညီလာခံသို့ တက်ရောက်သည့် ဆောင်းပါး။
၉။ သတင်းထောက်တစ်ဦး၊ (၁၉၇၈)၊ သူတို့၏အပြန်ခရီး။
၁၀။ ဦးကဝိသာရ၊ (၂၀၁၇)၊ ဦးနေဝင်း မဆလအစိုးရ လက်ထက် နဂါးမင်းစစ်ဆင်ရေး ၁၉၇၈။ ဖေ့ဘုတ်ပို့စ်။
၁၁။ ဦးသန်း (၁၉၈၄)၊ ရခိုင်ပြည်နယ် သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေ။ ရခိုင်ပြည်နယ်မဂ္ဂဇင်း။ (စာ ၁၆၁-၁၆၇)။
၁၂။ Abrar. C. R. (n.d). Repatriation of Rohingya Refugees.
၁၃။ Alam, Atiqul. (1978-9-22). Bangladesh Refugee Emergency Worsens. The Guardian.
၁၄။ Asian Survey.1979 February. California university press journal.
၁၅။ Asia Weekly. 1978 July 2. The Other Side of the Rohingya.
၁၆။ British Embassy Report on Visit by Bangladesh Foreign Minister , February 6, 1979.
၁၇။ FEER Asian Survey Vol. XIX, No.2, February 1979.
၁၈။ Kyaw, Nyi Nyi. (n.d). Unpacking the Presumed Statelessness of Rohingyas.
၁၉။ Lindquist. (1989, June). The report on the 1978-79 Bangladesh Refugee Relief operation.
၂၀။ Murshed, kaiser.(2001). Bangladesh-Burma Relations. (59-60)
၂၁။ Nashua Telegraph. 1987.
၂၂။ Network Myanmar. The Exodus of Arakan Muslims to Bangladesh in 1978 and 1991-92. https://www.networkmyanmar.org/Exodus.html
၂၃။ Rohingya Patriotic Front. 1978. Genocide In Burma against the Muslims of Arakan. (pp 25-35).
၂၄။ Ronan, Lee. 2021. Myanmar Rohingya Genocide: Identity, History and Hate Speech. (p. 69)
၂၅။ Sarker, (2021, Aug 31). Rohingya Exodus in 1978: A history of systematic eviction. Dhaka Tribune.
၂၆။ The bulletin (Oregon US). June 5, 1987.
၂၇။ The Times. 1978, October 27.

၂၈။ Wigg, Richard. 1978 October 31. Barren Ricefields Left After Muslim Flight from Burma. Times.

၂၉။ Wigg, Richard. (1978), Times Friday, October 27, 1978.

၃၀။ William. Burma 1978: The Thirtieth Year of Independence on JSTOR https://share.google/kpOaK2oH7Ww59ttgX

၃၁။ Zarni, Maung. (n.d). Four decades International Media Coverage Rohingya. Maungzarni Blog. https://www.maungzarni.net/en/news/four-decades-international-media-coverage-rohingyas

၃၂။ 1978 Repatriation Agreement. https://dataspace.princeton.edu/bitstream/88435/dsp01th83kz538/1/1978%20Repatriation%20Agreement.pdf